ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒုတိယ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ စနေနေ့ (9-3-2013) (၇၄၁၉)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပငါးနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆို

**ရန်ကုန် မတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပနိုင်ငံများဖြစ်သည့် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ထိုင်း၊ ပြင်သစ်၊ နော်ဝေ၊ အီတလီနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ ဧည့်ကြိုခန်းမဆောင်အတွင်း၌ တိုင်းရင်းသူလေးများက နိုင်ငံတော်သမ္မတအား ပန်းစည်းဆက်၍ ကြိုဆိုကြပြီး နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ အနုပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပငါးနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ပြင်ပ၌ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး မျက်နှာစာတို့၌ အောင်မြင်မှုများရရှိခဲ့သည့် နိုင်ငံတော်သမ္မတ၏ ဥရောပနိုင်ငံများချစ်ကြည်ရေးခရီးစဉ်နှင့် စပ်လျဉ်း၍ မိဘပြည်သူများ၏ လွတ်လပ်သောသဘောထားအမြင်များ

(မြန်မာ့သတင်းစဉ် သတင်းအဖွဲ့)

**ဥရောပနိုင်ငံများဖြစ်သည့် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**

ဆယ်စုနှစ်များစွာ အနောက်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး အေးစက်ခဲ့သည့် အမိနိုင်ငံတော်ကို ကမ္ဘာ့အလယ်၌ ဝင့်ဝင့်ထယ်ထယ်ဖြင့် ပြန်လည်တက်လှမ်းနိုင်စေသည့် နိုင်ငံတော်သမ္မတကြီး၏ သံတမန်ရေးရာ မျက်နှာစာ၌ ကြီးမားသော အောင်မြင်မှု၊ စီးပွားရေးမျက်နှာစာတွင် မြန်မာ့ပို့ကုန်ဈေးကွက် ပြန်လည်ရှင်သန်ရေးအတွက် ဥရောပသမဂ္ဂနှင့် အခြားနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများကို အပြီးတိုင်ဖယ်ရှားနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများနှင့် Generalized System of Preferences (GSP)အား ပြန်လည် အတည်ပြုပေးရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ ခေတ်အဆက်ဆက်ကတင်ရှိခဲ့သည့် ပြည်ပကြွေးမြီများကို ပယ်ဖျက်နိုင်ရန်၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံရေးမျက်နှာစာအပိုင်းတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်မှုကြောင့် ကမ္ဘာကပင် စံပြုလောက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရမှုတို့ကြောင့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ကုန်လွန်ခဲ့သော နှစ်နှစ်တာခရီးစဉ်အတွင်း ကြိုးပမ်းဆောင်ရွက်မှုများကို မိဘပြည်သူများ အထူးနှစ်ထောင်းအားရ ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻



ကြေးမုံစာတည်းရှုထောင့် ၉-၃-၂၀၁၃ [စနေနေ့]

# အောင်မြင်သောခရီးလမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့ဝင်များ ဥရောပငါးနိုင်ငံသို့ ဆယ်ရက်ကြာသွားရောက်ခဲ့ပြီး ယနေ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရန်ကုန်မြို့နေပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်ကို တွေ့ရပေသည်။

နိုင်ငံတော်သမ္မတကြီး သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဥရောပငါးနိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ပါလီမန်ဥက္ကဋ္ဌ၊ ဥရောပကော်မရှင်ဥက္ကဋ္ဌတို့အား တွေ့ဆုံခဲ့ရာတွင် နှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲနိုင်မှု ပကတိအခြေအနေမှန်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ရာ အကျိုးဆက်အားဖြင့် မြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများစွာ ပေါ်ထွက်လာတော့မည်ဟု ဆိုနိုင်ပါသည်။

ခရီးစဉ်တွင် ထာဝစဉ်တည်တံ့မည့်ငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံနှင့်ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးပိတ်ဆို့မှုများ အပြီးတိုင်ဖယ်ရှားရေး၊ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ ရရှိရေး၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများပေးအပ်ရေး စသည့် မြန်မာနိုင်ငံအတွက် အကျိုးများဖွယ်ရာကိစ္စရပ်များကို အောင်မြင်စွာ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

ထိုသို့အကျိုးရလဒ်ကောင်းများဖြစ်ထွန်းလာရသည်မှာလည်း မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ထင်ရှားစွာဆောင်ရွက်နိုင်ခြင်းအပြင် အထူးသဖြင့် လက်ရှိဖြစ်ထွန်းနေသော ပွင့်လင်းမြင်သာသည့် နိုင်ငံရေးအရွေ့ဖြစ်ထွန်းလာသောကြောင့် ဆိုနိုင်ပါသည်။

နိုင်ငံရေးအင်အားစုများအကြား စေ့စပ်ပြေလည်မှုများနှင့် ယုံကြည်မှုများ တည်ဆောက်လာနိုင်ခြင်း၊ မြန်မာ့လူ့အဖွဲ့အစည်း၏ နိုင်ငံရေးအင်အားစု အသီးသီးအနေဖြင့် သမိုင်းကြောင်းအရ ရရှိရန်ခက်ခဲသည့် နိုင်ငံရေးသည်းခံနိုင်စွမ်းကို ယဉ်ကျေးမှုတစ်ရပ်အဖြစ် လက်ခံကျင့်သုံးလာကြခြင်းနှင့် နိုင်ငံသားများသည် နိုင်ငံရေးဖြစ်စဉ်အတွင်း ငြိမ်းချမ်းစွာ ပါဝင်လာကြခြင်းတို့ကြောင့် ဖြစ်သည်ကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ထုတ်ဖော်ပြောကြားထားပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးက ပို၍ပွင့်လင်းစွာ ပြောကြားခဲ့သည့်အချက်များတွင် ယခင်ခေတ်များကထက် နိုင်ငံရေးအရ ပိုမိုပွင့်လင်းမြင်သာသော အခြေအနေများ၊ ပိုမိုလွတ်လပ်စွာပါဝင်ခွင့်ပြုသည့် အခြေအနေများကို မိမိတို့အစိုးရအနေဖြင့် ဖန်တီးဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ပြည်သူများအကြား ကာလရှည်ကြာ လွှမ်းမိုးနေသည့် သမိုင်းနှင့်ချီသော အကြောက်တရားများကို လျှော့ချပေးနိုင်မည့် နိုင်ငံရေးဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးပြီး အားလုံးကို ကိုယ်စားပြုသည့် ထင်သာမြင်သာရှိသော နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ကို အစပြုပေးနိုင်ခြင်းတို့ကို ဖွင့်ဟပြောကြားထားရာ သမိုင်းတွင်သည့် နိုင်ငံရေးတိုးတက်မှုများပင်ဖြစ်သည်။

ထိုခရီးစဉ်တွင်ပင် နိုင်ငံတော်သမ္မတကြီးက မိမိတို့မြန်မာနိုင်ငံ၌ အလွန်အရေးကြီးသော နိုင်ငံ၏အလှည့်အပြောင်းဟုဆိုရမည့် အသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေချိန်၊ ဗဟိုဦးစီး စီးပွားရေးစနစ်မှ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်သို့ စတင်ကူးပြောင်းနေချိန်၊ ကာလရှည်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မီးကိုငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးကို စတင်ဖော်ဆောင်နေချိန်တွင် တာဝန်ယူရသည့်အတွက် အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

ထိုကဲ့သို့ နိုင်ငံအတွက် ခက်ခဲမြားမြောင်လှသည့် အချိန်တွင် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် အလွန်အရေးကြီးသည့်တာဝန်များကို ရဲဝံ့ပြတ်သားစွာ တာဝန်ယူနိုင်သည့် နိုင်ငံတော်သမ္မတကြီးအား နိုင်ငံတကာက ယုံကြည်လက်ခံကြသည်ကို ယခုမျက်မြင် မြင်တွေ့ကြရခြင်းနှင့် မြန်မာပြည်သူပြည်သားများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို ထောက်ခံကြခြင်းများက သက်သေပြလျက်ရှိသည်။

ထိုကဲ့သို့ ပြည်တွင်းပြည်ပ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းလာခြင်းသည် အများလက်ခံနိုင်သော မှန်ကန်သည့် လုပ်ဆောင်မှုများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်သောကြောင့်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ထာဝရဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။

ရရှိထားသော အကျိုးရလဒ်များ ဆက်လက်ပိုမိုဖြစ်ထွန်းအောင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများ၊ အခက်အခဲများအား နိုင်ငံတော်၏ မဏ္ဍိုင်ကြီးလေးရပ်နှင့်အတူ တပ်မတော်၊ တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပြည်သူအားလုံးတို့က စိတ်ရှည်သည်းခံ ကြံ့ကြံ့ခံကာ ရင်ဆိုင်ဖြေရှင်းသွားကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

# မြန်မာနိုင်ငံအစားအစာနှင့်အာဟာရဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅)အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၈

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်(၂၀၁၁-၂၀၁၅)အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယမန်နေ့ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အာဟာရဖွံ့ဖြိုးရေးနှင့် နှီးနွှယ်နေသည့် ဝန်ကြီးဌာနများပါဝင်လျက် မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်ကို ၁၉၉၄ ခုနှစ်မှစပြီး (၅)နှစ်တစ်ကြိမ် ရေးဆွဲလျက်ရှိပြီး (၂၀၁၁-၂၀၁၅)အတွက် (၅)နှစ်စာအစီအစဉ်ရေးဆွဲရာမှာ ယခင်နှစ်များနှင့်မတူဘဲ နိုင်ငံတော်ပြုပြင်ပြောင်းလဲနေမှုများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များနှင့် လိုက်လျောညီထွေရှိအောင် ရေးဆွဲထားကြောင်းဖြင့် ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံတွင်(၅)နှစ်အောက် ကလေးများ၏ သုံးပုံတစ်ပုံခန့်(ကလေးနှစ်သန်းခန့်)သည် အရပ်ပုသူများဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ကြောင်း၊ အာဟာရချို့တဲ့ခြင်းနှင့် မူလတန်းပညာပြီးဆုံးအောင် သင်ကြားနိုင်ခြင်းသည် ဆက်စပ်လျက်ရှိနေကြောင်း၊ အရပ်ပုနှုန်း ၁၀ ရာခိုင်နှုန်းတိုးတိုင်း အခြေခံပညာမူလတန်းအဆင့် ပြီးဆုံးအောင် သင်ကြားမှု ရှစ်ရာခိုင်နှုန်းအထိကျဆင်းသွားလေ့ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၅၄ ရာခိုင်နှုန်းသော ကလေးများသာ အခြေခံပညာမူလတန်းအဆင့် ပြီးဆုံးအောင် သင်ကြားနိုင်သည်ကို တွေ့ရကြောင်း၊ အကယ်၍ အရပ်ပုနှုန်း ၁၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်လျှင် အခြေခံပညာမူလတန်းအဆင့် ပြီးဆုံးအောင်သင်ကြားနိုင်သည့် ကလေးသည် ၇၅ ရာခိုင်နှုန်းအထိ တိုးလာမည်ဖြစ်ကြောင်း၊ အရပ်ပုသည့် ကလေးများ အရွယ်ရောက်လာလျှင်လည်း ကုန်ထုတ်စွမ်းအား ကျဆင်းပြီး နိုင်ငံတော်ဝင်ငွေ ရှစ်ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း၊ ၎င်းကလေးများ၏ အာဟာရအခြေအနေကိုမြှင့်တင်ပေးနိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုနှုန်း(GDP) အနည်းဆုံးနှစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်း အထိ တိုးတက်လာမည်ဖြစ်ကြောင်း၊ (၅)နှစ်အောက် ကလေးသေဆုံးရခြင်း၏ သုံးပုံတစ်ပုံကလည်း အာဟာရချို့တဲ့ခြင်းနှင့် ဆက်နွှယ်ဖြစ်ပွားသည့် ရောဂါများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း။

တစ်ဖက်၌ အာဟာရလွန်ကဲမှုကြောင့် ဝဖြိုးမှုဖြစ်ပွားပြီး သွေးတိုး၊ ဆီးချို၊ ကင်ဆာ၊ နှလုံးရောဂါ စသည့် မကူးစက်နိုင်သော ရောဂါများ အဖြစ်များလာပြီး အသက်ဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းထဲ၌ ပါလာကြောင်း၊ မကူးစက်တတ်သော ရောဂါများ အများစုမှာ အာဟာရအကြောင်းရင်းခံများဖြစ်ပြီး နေ့စဉ် နေထိုင်စားသောက်သည့် လူမှုဘဝပုံစံပြောင်းလဲခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့နှင့် ဆက်စပ်လျက်ရှိကြောင်း၊ တစ်ဖက်တွင် အစားအစာနှင့်ပတ်သက်၍ Farm to fork ဆိုသကဲ့သို့ စားပွဲပေါ်မှ စားစရာများသည် စိုက်ပျိုးမွေးမြူ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပြင်ဆင်ချက်ပြုတ်ခြင်းတို့ကို အဆင့်ဆင့်ဖြတ်သန်းပြီး စားသုံးရန် စားပွဲပေါ် ရောက်လာခြင်းဖြစ်ကြောင်း၊ အစားအစာ ဖူလုံရေးသာမက သန့်ရှင်းရေး၊ ဘေးဥပဒ်ကင်းဝေးရေးနှင့် အစားအစာ အရည်အသွေးမြင့်မားရေးတို့ကိုပါ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အာဟာရချို့တဲ့မှုဖြစ်စေသည့် အကြောင်းရင်းများကို ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် ဌာနအသီးသီး၏ လုပ်ငန်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်နွှယ်ပါဝင်နေပါကြောင်း၊ ဝန်ကြီးဌာနများအချင်းချင်း၊ နှီးနွှယ်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမှသာ အရင်းအနှီးနည်းနည်းနှင့် အကျိုးများများ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ယခုဆွေးနွေးပွဲ၌ လုပ်ငန်းအစီအစဉ်များသာမက လုပ်ငန်းရည်မှန်းချက်ပြည့်မီဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့အပြင် သီးခြားလုပ်ငန်းအစီအစဉ်တစ်ခုအနေဖြင့်မဟုတ်ဘဲ အမျိုးသားဆိုင်ရာ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးကြရန်ဖြစ်ပါကြောင်းနှင့် မိမိတို့ဌာနအလိုက်၊ အဖွဲ့အစည်းများအလိုက် လက်ရှိဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဤဆွေးနွေးပွဲ၌ တက်တက်ကြွကြွ ဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက စားနပ်ရိက္ခာဖူလုံကြွယ်ဝမှုနှင့် အာဟာရပြည့်ဝမှုတို့သည် လူသားများ၏ အခြေခံလူ့အခွင့်အရေး တစ်ရပ်ဖြစ်ပြီး လူ့အခွင့်အရေး ကြော်ငြာစာတမ်းတွင် ထည့်သွင်းဖော်ပြထားကြောင်း၊ ထို့ကြောင့် ဤအလုပ်ရုံဆွေးနွေးပွဲသည် အခြေခံ လူ့အခွင့်အရေးတစ်ရပ်ရရှိစေရန် ဆွေးနွေးပွဲဟုဆိုနိုင်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ UNRC /HC မှ Mr. Ashok Nigame နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)မှ ဌာနေကိုယ်စားလှယ် Ms. Bhu Thi Lan တို့က အမှာစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဥတုရာသီ တောကိုမှီ၏**








☆ ရှေ့ဖုံးမှ

ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်ရုံအလုပ်ရုံများ၊ ကုမ္ပဏီများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်းအတွင်းနှင့် လေဆိပ်လမ်းတစ်လျှောက်၌ နိုင်ငံတော်အလံငယ်များအား ဝှေ့ယမ်း၍လည်းကောင်း၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြရာ နိုင်ငံတော်သမ္မတကြီးကလည်း ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးရဲထွန်း၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

## ကြိုဆိုနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပငါးနိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ဒုတိယသမ္မတ ဦးညွန့်ထွန်း အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) အုပ်ချုပ်ရေးမှူး Dr. Rajeev Janardan Shah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာသို့ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အုပ်ချုပ်ရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek J. Mitchell လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ HIV, AIDS ရောဂါတားဆီးကာကွယ်ရေး၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်း လျှော့ချရေးကိစ္စရပ်များ၊ ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ တက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး သုတေသနလုပ်ငန်းများနှင့် အဆင့်မြင့်ပညာဖွံ့ဖြိုးရေးကိစ္စရပ်များ၊ လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုအစီအစဉ်များ၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညွန့်ထွန်း အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(USAID) အုပ်ချုပ်ရေးမှူး Dr. Rajeev Janardan Shah အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)








# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) အုပ်ချုပ်ရေးမှူး Dr. Rajeev Janardan Shah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဒေါက်တာစိုးရင်၊ ဦးမောင်တိုး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) အုပ်ချုပ်ရေးမှူး Dr. Rajeev Janardan Shah နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Derek J. Mitchell နှင့် USAID မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံ လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဆင်းရဲမှု လျှော့ချရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာကျိန်ဆို

**မကွေး မတ် ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီတွင် မကွေးခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းက အမှာစကားပြောကြားပြီး တရားသူကြီးများနှင့် တရားရေးအရာရှိများသည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုကြသည်။

**(ခင်မာလာ)**

# နွေရာသီအခြေခံဘော်လီဘော အားကစားသင်တန်း ဖွင့်မည်

**ရန်ကုန် မတ် ၈**

မြန်မာ့လက်ရွေးစင် ဘော်လီဘော အသင်း၌ အခြေခံနိုင်မည့် လက်စွမ်းလက်စရှိပြီး အလားအလာကောင်းကြသော မျိုးဆက်သစ် ဘော်လီဘော အားကစားသမားများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်လျက် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ် နွေရာသီအခြေခံ ဘော်လီဘောအားကစားသင်တန်းကို မတ် ၁၁ ရက်မှ ဧပြီ ၁၀ ရက်အထိ (တစ်လ) ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လေ့ကျင့်ရေးရုံ၌ ဖွင့်လှစ်ပို့ချသင်ကြားမည်ဖြစ်သည်။

ဘော်လီဘော အားကစားကို ဝါသနာပါသော အမျိုးသမီးများ တက်ရောက် သင်ယူနိုင်ကြပြီး သင်တန်းကာလအတွင်း အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်ပြီး ယခုနည်းပြ ဆရာများဖြစ်ကြသော ဦးလွှမ်းမိုးနှင့် ဦးသိန်းဆွေတို့က စနစ်တကျ လက်တွေ့သင်ကြားပို့ချကြမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ တက်ရောက်လိုသော ဘော်လီဘောအားကစား ဝါသနာရှင် မျိုးဆက်သစ် အမျိုးသားအမျိုးသမီးတို့သည် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်ရုံးခန်း (အောင်ဆန်းအားကစားပြိုင်ကွင်း) သို့ လာရောက်အမည်စာရင်းတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပါ**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၈**

ကမ္ဘာတစ်ဝန်းတွင် ကြည့်မည်ဆိုလျှင် အမျိုးသမီးများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့်ကဏ္ဍများတွင် တန်းတူအခွင့်အရေးမရရှိသည့်အပြင် နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှု၊ အကြမ်းဖက်မှုကြုံနေရသည်မှာ ယနေ့ထိတိုင်ရှိပါကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများ၏ ဇနီးများဖြစ်ကြသည့် ဒေါ်နန်းရွှေမှုံနှင့် ဒေါ်ခင်အေးမြင့်၊ လွှတ်တော်နှစ်ရပ်မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နာယကများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက က မြန်မာနိုင်ငံအတွင်းရှိ မြန်မာအမျိုးသမီးထု၏ ဖွံ့ဖြိုးတိုးတက်မှုများအား ဆောင်ကြဉ်းပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် ရည်ရွယ်ချက်(၇) ရပ်ချမှတ်၍ ကျေးလက်ဒေသနေ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှရေးကွန်ရက်အစရှိသည့် အဖွဲ့အစည်းများသည်လည်း မြန်မာ အမျိုးသမီးများ အသိအမြင် ပွင့်လင်းလာစေရန်နှင့် နိုင်ငံတော်နှင့် ရင်ပေါင်တန်းနိုင်အောင် မြေတောင်မြှောက်ပေးနေကြသည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း။

မြန်မာ အမျိုးသမီးများသည် ရှေးယခင်မှစ၍ လက်ဝယ်ပိုင်ပိုင်ရရှိထားပြီးဖြစ်သည့် မူလအခွင့်အရေးများကို ဂုဏ်ယူမြတ်နိုးတန်ဖိုးထားကြရန်၊ ကိုယ့်ရပ်ကိုယ့်ဒေသတွင်းရှိသည့် အမျိုးသမီးဘဝ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အသင်းအဖွဲ့အစည်းများ၌ အားတက်သရော ပါဝင်လှုပ်ရှား၍ အသိပညာ၊ အတတ်ပညာ မျှဝေဖလှယ်ကြစေလိုကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မောင်တစ်ထမ်း မယ်တစ်ရွက် ပါဝင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ထူထောင်ရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး မြန်မာအမျိုးသမီးများ၏ စွမ်းပကားအား ထုတ်ဖော်ပြသကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Mr. Ashok Nigam က ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် တက်ရောက်လာကြသူများက အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**








## ပြည်တွင်းရေးရာ

### ✻ နိုင်ငံရေးမှ

သို့ဖြင့် နိုင်ငံတော်သမ္မတကြီး၏ ယခု ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အပြန်တွင်လည်း လူထုလူတန်းစားအသီးသီးမှ မိဘပြည်သူများသည် ခရီးစဉ်အတွင်း ကြိုးပမ်းဆောင်ရွက်မှုနှင့် အောင်မြင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် လေဆိပ်အထွက်လမ်းတစ်လျှောက်မှ စတင်၍ သောင်းသောင်းဖြဖြ တစ်ခဲနက် ကြိုဆိုခဲ့ကြသည်။

နိုင်ငံတော်သမ္မတကြီး၏ ယခုချစ်ကြည်ရေးခရီးစဉ်အတွင်း အောင်မြင်မှုများ၊ အနာဂတ်အလားအလာများနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က မိဘပြည်သူတို့၏ လွတ်လပ်သော သဘောထားအမြင်များကို မေးမြန်းစုစည်း တင်ပြလိုက်ရပါသည်။

**ဦးကျော်မြတ်မိုး(အထွေထွေအတွင်းရေးမှူး)**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

**မေး ။ ။ သမ္မတခရီးစဉ်ကို လာရောက်ကြိုဆိုရတဲ့ သဘောထားလေးကို သိပါရစေ။**

ဖြေ ။ ။ အဓိက ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲသွားတဲ့ ပုံစံကို ကျွန်တော်တို့ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက အားရကျေနပ်လို့ ကျွန်တော်တို့နိုင်ငံတော်သမ္မတကြီးကို လာရောက်ကြိုဆိုဂုဏ်ပြုတာပါ။

**မေး ။ ။ သမ္မတကြီး ခရီးစဉ်ဟာ စီးပွားရေးလုပ်ငန်းအတွက် ဘယ်လိုအထောက်အကူပြုပါသလဲ။**

ဖြေ ။ ။ နိုင်ငံတော်သမ္မတကြီးရဲ့ လုပ်ဆောင်ချက်တွေအနက် နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးမှုရရှိအောင် လုပ်ဆောင်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိပြီးတော့ ဘေးနိုင်ငံတွေကလည်း ကျွန်တော်တို့နိုင်ငံအပေါ်မှာ အာရုံစူးစိုက်မှုများ များလာတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ အဓိက ကတော့ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု သိသိသာသာတိုးတက်တာကို တွေ့ရတယ်၊ ဒီလို သိသိသာသာ တိုးတက်လာတဲ့အတွက် ကျွန်တော်တို့စားသောက်ဆိုင်လုပ်ငန်းတွေမှာ နိုင်ငံခြားသားအဝင်များတဲ့အတွက် အားလုံးက အရင်ထက်စာလို့ရှိရင် ရောင်းရဝယ်ရတာပိုပြီးအဆင်ပြေလာပါတယ်၊ ဒါကတော့ ပြောင်းလဲတာနဲ့ ပတ်သက်လို့ပါ။

**မေး ။ ။ သမ္မတကြီးကို လာရောက်ကြိုဆိုတာ ဦးတို့သဘောနဲ့ကြိုဆိုတာလား။**

ဖြေ ။ ။ ကျွန်တော်တို့အသင်းရဲ့သဘောပါပဲ၊ ကျွန်တော်တို့ ညက သတင်းကြားတဲ့အတွက် အသင်းအစည်းအဝေး ထိုင်ပြီးတော့ ကျွန်တော်တို့ ဆိုင်ပေါင်း ၁၁ ဆိုင်က ဝန်ထမ်းအင်အား ၁၃၀ လာပြီး ကြိုဆိုတာဖြစ်ပါတယ်။

**ဦးသိန်းဇော်ဦး(Assistant Operation Manager)**
**မြန်မာ့စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

စိတ်ထဲက နှစ်နှစ်ကာကာနဲ့ ကြိုဆိုခြင်းဖြစ်ပါတယ်။ ပျော်ရွှင်တယ်။ ပီတိဖြစ်တယ်။ လာကြိုတဲ့ကလေးတွေ အားလုံးရဲ့မျက်နှာကိုကြည့်ရင် ပျော်ရွှင်နေတာတွေ့ရပါတယ်။ သမ္မတကြီးရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ကြိုက်နှစ်သက်ပါတယ်။ ဒီထက်ပိုပြီး တိုးတက်လာမယ်လို့ ထင်ပါတယ်။ လူငယ်တွေအတွက် အခွင့်အလမ်းတွေ ရလာမယ်။ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်မယ့်အခွင့်အလမ်းတွေ ရလာမယ်လို့ ယုံကြည်ပါတယ်။ လူငယ်တွေမှာ ယုံကြည်ချက်တွေ အများကြီးရှိပါတယ်။ ဒါကြောင့် နှစ်နှစ်ကာကာနဲ့ လာရောက်ကြိုဆိုကြခြင်းဖြစ်ပါတယ်။

**ဒေါ်ခင်မာစန်း(ဒုတိယအထွေထွေမန်နေဂျာ)**
**သစ်အချောထည်စက်ရုံ**

သမ္မတကြီးက နိုင်ငံအနှံ့သွားပြီး နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို အင်တိုက်အားတိုက်နဲ့ ဆောင်ရွက်နေတာတွေ့ရလို့ အရမ်းဝမ်းသာပါတယ်။ နိုင်ငံတော်ကြီး တိုးတက်လာတာကြောင့် ပြည်သူလူထုနဲ့ စက်ရုံဝန်ထမ်းတွေက သမ္မတကြီးအပေါ် လေးစားဂုဏ်ယူမိပါတယ်။ အရင်ထက်အများကြီး ပြောင်းလဲမှုတွေကို မြင်ရတာကြောင့် ဝမ်းသာပါတယ်။ သမ္မတကြီးရဲ့ လုပ်ဆောင်ချက်တွေကို နှစ်ခြိုက်တယ်။ လေးစားတယ်။ သမ္မတကြီးက ရှေ့ကနေပြီး နိုင်ငံတော်တိုးတက်စေဖို့ ဆောင်ရွက်နေတဲ့အပြင် အောက်မှာရှိနေတဲ့သူတွေကလည်း ဝိုင်းဝန်းဆောင်ရွက်နေတာတွေ့ရတာကြောင့် တိုးတက်မယ်လို့ ယုံကြည်ပါတယ်။ ပြည်သူလူထုကလည်း ဝမ်းပန်းတသာနဲ့ ကြိုဆိုပါတယ်။



ဖြိုးကိုကို
(ကျောင်းသား)

**ဖြိုးကိုကို(ကျောင်းသား)**

သမ္မတကြီးရဲ့စွမ်းဆောင်ရည်ကြောင့် လူငယ်တွေအတွက် အခွင့်အလမ်းတွေရှိလာပါတယ်။ ရှေ့ဆက်ပြီး တိုးတက်လာမယ်လို့မြင်ပါတယ်။

**ကျော်ဇင်ဝင်း(ကျောင်းသား/ ရွှေဘိုတက္ကသိုလ်)**

နိုင်ငံကောင်းကျိုးအတွက် သွားတာကြောင့် ကျွန်တော်တို့လူငယ်တွေက လာရောက်ကြိုဆိုခြင်း ဖြစ်ပါတယ်။ အရင်ကထက် ပိုမိုပြောင်းလဲလာတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပိုမိုရရှိလာတယ်။ အရင်က လုပ်ခ ၃၀၀၀၀ ကျပ်ဆိုရင် အခု ၇၀၀၀၀၊ ၈၀၀၀၀ ကျပ်လောက်ရပါတယ်။ ဒါကလည်း တိုးတက်မှုတစ်ခုပါ။ လူငယ်တွေအခွင့်အလမ်းတွေ ပိုမိုရရှိလာမှာဖြစ်တာကြောင့် လူ့စွမ်းအားအရင်းအမြစ်တွေကို ပိုမိုတိုးတက်ဖို့ ပြင်ဆင်ထားသင့်တယ်လို့ မြင်ပါတယ်။

**ဦးအောင်သိန်း(ဗဟိုအလုပ်အမှုဆောင်)**
**မြန်မာနိုင်ငံဆီကုန်သည်များအသင်း**

ကိုယ့်ဆန္ဒအမှန်နဲ့ ကြိုဆိုခြင်းဖြစ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်ခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်က အခြားတိုင်းပြည်တွေထက် အားနည်းတာကြောင့် ပိုပြီးကြိုးစားကြဖို့ လိုတယ်။ ပြည်သူပြည်သားအားလုံးရော စီးပွားရေးလုပ်ငန်းရှင်များပါ အားလုံးပိုပြီး ကြိုးစားကြဖို့ လိုတယ်။ ပြည်သူတွေ အလုပ်ရရှိဖို့ ပိုမိုလိုအပ်တယ်။ နိုင်ငံခြား ပူးပေါင်းဆောင်ရွက်မှု ကြိုးစားဆောင်ရွက်ရင် အချိန်တိုတိုနဲ့ အောင်မြင်မှာ ဖြစ်တယ်လို့ သုံးသပ်ပါတယ်။ ပွင့်လင်းမြင်သာတဲ့ခေတ်မှာ သမ္မတကြီးက တာဝန်ကျေပွန်စွာ ထမ်းဆောင်နေတာကြောင့် ပြည်သူအားလုံးကြိုးစားပြီး တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် လိုချင်တဲ့ပန်းတိုင်ရောက်မှာဖြစ်ပါတယ်။

**ဦးဝင်းအောင်-ဥက္ကဋ္ဌ (UMFCCI)**

သမ္မတကြီးအနေနဲ့ တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေတာကြောင့် အားရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်း အများကြီးဝင်လာမယ်လို့ မျှော်လင့်ပါတယ်။

**ဦးကျော်ရင်လှိုင်(ပရိုဂရမ်ဒါရိုက်တာ)**
**မြန်မာပိစ်စင်တာ**



ဦးဝင်းအောင်
(ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ)

ဒီနိုင်ငံတွေက သမ္မတကြီးကို ဖိတ်တယ်ဆိုတာက မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုကို ထောက်ခံတယ်ဆိုတာကို ပြချင်တာကြောင့် ယခုလို ဖိတ်ကြားခြင်းဖြစ်ပါတယ်။ သွားတဲ့ ခရီးစဉ်အတွင်း တိုင်းပြည်အတွက် အကျိုးရှိမယ့် အကူအညီတွေ၊ ကတိတွေကို ပေးခဲ့သလို လက်တွေ့လည်းပေးခဲ့ပါတယ်။ အတိုင်းထက်အလွန် အောင်မြင်တဲ့ခရီးပါ။ နိုင်ငံတကာမှာ သမ္မတကြီးလို ခေါင်းဆောင်တစ်ယောက် လိုအပ်တယ်ဆိုတာကို ပြချင်လို့ သူတို့က အဓိကထားဖိတ်တာဖြစ်တယ်။ စဖိတ်ကတည်းက သံရုံးတွေက ပြောတာကို သိရပါတယ်။

အထူးသဖြင့် မြန်မာနိုင်ငံလို ပြုပြင်ပြောင်းလဲမှုလုပ်ခဲ့တဲ့ နိုင်ငံတွေအများကြီးပဲ၊ သမ္မတအိုဘားမားကအစ ဥရောပခေါင်းဆောင်တွေက ပြုပြင်ပြောင်းလဲမှုလုပ်တဲ့ နိုင်ငံအနေနဲ့ သမ္မတကြီး ဦးသိန်းစိန်နဲ့ အစိုးရဆောင်ရွက်နေတာကို လိုက်ပြီးစံထားသင့်တယ်လို့ အများကြီး ပြောနေကြပါတယ်။ သူတို့နိုင်ငံတင်မက နိုင်ငံတကာမှာ စံတစ်ခုဖြစ်လာတယ်ဆိုတာ ပြနေတာပါ။

**ဦးစိုးမြင့် (အလုပ်အမှုဆောင်အဖွဲ့ဝင်)**
**ခရီးသွားလုပ်ငန်းရှင်များအသင်း**

ခရီးသွားလုပ်ငန်းဖြစ်တာကြောင့် သမ္မတကြီးစထွက်ကတည်းက ခရီးစဉ်သတင်းများကို ကြည့်တယ်။ ဩစတြီးယား ဧည့်သည်တွေအမြဲတမ်းလာတယ်။ သမ္မတကြီး ဩစတြီးယားကိုရောက်တဲ့အခါ အဲဒီမှာရှိတဲ့ ခရီးသွားအဖွဲ့ကို သမ္မတကြီးရောက်ရှိနေတဲ့အကြောင်း၊ ခရီးသွားလုပ်ငန်းအဖွဲ့အတွက် ပိုမိုဆောင်ရွက်ပေးနိုင်အောင် Message ပေးတဲ့အခါ ပိုပြီးစိတ်ဝင်စားလာတာတွေ့ရတယ်။ ဥရောပမှာဧည့်သည်တွေက မြန်မာ၊ မြန်မာဆိုပြီး ပြောနေတဲ့အနေအထားတွေ့ရတယ်။

သမ္မတကြီး အခုလို ခရီးစဉ်ကိုသွားခြင်းကြောင့် ခရီးသွားလုပ်ငန်းမှာ ဧည့်သည်များ ပိုမိုဝင်ရောက်လာမယ်လို့ ယုံကြည်ထားပါတယ်။ ဧည့်သည်တွေ ပိုမိုဝင်ရောက်လာတာကိုလည်း တွေ့ရပါတယ်။

**ဦးသန်းမြင့်ဦး (ငြိမ်းချမ်းရေးစင်တာ)**

တော်တော်လေးအောင်မြင်ခဲ့တယ်လို့ မြင်ပါတယ်။

အသေးစိတ် မသိပါဘူး၊ ဥရောပငါးနိုင်ငံသွားခဲ့တဲ့အတွက် သမိုင်းဝင်ခရီးဖြစ်ပါတယ်။ တစ်ခါမှ မြန်မာနိုင်ငံသမ္မတ နော်ဝေတို့၊ ဖင်လန်တို့ မရောက်ခဲ့ပါဘူး။ ဒီအချိန်စီးပွားရေး၊ နိုင်ငံရေးအတွက် တိုင်းပြည်အတွက် သမ္မတကြီး ကြိုးစားခဲ့တဲ့အတွက် အနောက်နိုင်ငံဘက်ကလည်း ဒါကို စပယ်ရှယ်တစ်ခုလို မြင်တယ်။ သူတို့ဘက်က တစ်ခါမှ မြန်မာသမ္မတကို မကြိုဆိုဘူး။ သမ္မတကြီး သွားခဲ့တဲ့အတွက် ကျွန်တော်တို့အတွက် ဖြစ်ပေါ်တိုးတက်မှု အကျိုးအမြတ်တွေ၊ အခွင့်အလမ်းတွေ အများကြီးရှိလာနိုင်တယ်။ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံရှိမှု ပိုမိုဝင်လာနိုင်တယ်။ ဥရောပ ဆန်ရှင်တွေလည်း အပြီးရုပ်သိမ်းပေးဖို့ မျှော်လင့်နိုင်ပြီ။

လွန်ခဲ့တဲ့ နှစ်နှစ် ပြန်ကြည့်လိုက်မယ်ဆိုရင် ပြောင်းလဲမှုတွေအများကြီး မြင်ရတယ်။ အထူးသဖြင့် အနောက်နိုင်ငံတွေနဲ့ဆက်ဆံရေးက အရမ်းပြောင်းလဲသွားတယ်လို့ ပြောနိုင်တယ်။

သမ္မတကြီးလည်း ဒီခရီးသွားနိုင်ဖို့ ဒါဟာ သမိုင်းဝင်လက္ခဏာ တစ်ခုဖြစ်တယ်။ ဆန်ရှင်တွေအပြင် အနောက်နိုင်ငံတွေဆီက ကျွန်တော်တို့က အများကြီးမျှော်လင့်လို့ ရနိုင်တယ်။ အရေးကြီးဆုံးက (၅)နိုင်ငံက ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ ပညာရေးတို့ကို မျှော်လင့်နိုင်တယ်။ အဲဒီပညာရေးက ကျွန်တော်တို့ တိုးတက်ဖို့ အများကြီးအရေးကြီးတယ်။

**ဒေါ်ခိုင်ခိုင်နွယ်**
**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း**

ကျွန်မတို့ ဒီနေ့သမ္မတကြီးကို ဘာကြောင့် ကြိုရလဲဆိုပြီး မေးကြပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မ ရိုးရိုးရှင်းရှင်းပဲ ဖြေပါ့မယ်။ ကျွန်မအထူး ကျေးဇူးတင်လို့ပါ။ ကျွန်မလို့ပြောတဲ့အခါ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး၊ ကျွန်မတို့ မြန်မာပြည်သူပြည်သားများအားလုံး ကိုယ်စားရော အထည်ချုပ်လုပ်ငန်းလုပ်တဲ့ ကလေးတွေ ကိုယ်စားရော ကုန်သည်/စက်မှုအသင်းဝင်များ ကိုယ်စားရော၊ အလုပ်လုပ်သူများ အားလုံးကိုယ်စားရော၊ ကျွန်မ အထူးကျေးဇူးတင်တယ်လို့ ပြောပါရစေ။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ တောက်လျှောက်ကို အခုဆိုရင် အရင်အခြေအနေတွေနဲ့ မတူတဲ့ခံစားမှုကို ကျွန်မတို့ခံစားရပါတယ်၊ ကျွန်မတို့တိုင်းပြည် အပြင်ထွက်လိုက်ရင်ပဲ မြန်မာလို့ပြောလိုက်ရင် လူတွေအနားကပ်လာပြီး၊ ခံစားမှုမျိုးဟာ ကျွန်မမြင်တယ်၊ လေထဲမှာ ပျံနေစေတယ်လို့ ကျွန်မပြောတာ၊ ဘာကြောင့်လဲဆိုရင် ဒီလိုမျိုးအသိအမှတ်ပြုခံရတယ်။ ဒါက ဒီဘက်နောက်ပိုင်းမှာ ဖြစ်လာတာကို၊ ဒီလိုသမ္မတကြီးက ရှေ့ကနေ စွမ်းစွမ်းတမံရပ်ပြီးတော့ ဆောင်ရွက်နေတဲ့ကိစ္စကို ကျွန်မတို့သိလည်းသိတယ်၊ အသိအမှတ်ပြုတယ်၊ ပြီးတော့ ကျေးဇူးလည်းအထူးတင်တယ်၊ ဒါကြောင့်မို့ ကျွန်မတို့ ဒီကိုရောက်အောင် လာပြီးကြိုတာ၊ အထည်ချုပ်လုပ်ငန်းက ကလေးတွေလည်း လာကြတယ်၊ ကျွန်မတို့ အထည်ချုပ်သင်တန်းကျောင်းက ဧရာဝတီတိုင်းဒေသကြီးက ကလေးတွေ၊ သူတို့ မေလမှာ စက်ရုံဖွင့်ကြမယ်ဆိုတော့ ဘွဲ့ရကလေးတွေ ကျွန်မတို့ စက်ချုပ်သင်တန်းကော၊ အုပ်ချုပ်ရေးသင်တန်းကော သင်ပေးနေတာ၊ အဲဒီကလေးတွေကို ဒီမနက် ကျွန်မခေါ်ထားတာ၊ ဒီကလေးတွေကို ကျွန်မတို့လို ခံစားစေချင်တယ်၊ ခံစားမှုကို မြင်စေချင်တယ်၊ သူတို့အနေနဲ့ ဒီလိုမျိုးခံစားမှုမျိုးတွေ သူတို့ မတွေ့ကြုံဖူးတဲ့အတွက် အထူးဖိတ်ထားပါတယ်၊ ကလေးတွေလည်း ကြိုဖို့ရောက် နေကြပါတယ်။

သမ္မတကြီးရဲ့ခရီးစဉ်က နိုင်ငံရဲ့စီးပွားရေးအတွက် ဘယ်လိုအထောက်အကူပြုပါသလဲဆိုတော့ အထူးအထောက်အကူပြုတာပေါ့၊ အထောက်အကူပြုတယ်ဆိုတာ ဒီလိုပါ၊ ကျွန်မတို့ ဥရောပသမဂ္ဂနိုင်ငံများရဲ့ အခွန်သက်သာခွင့်ကို မရခဲ့တာ အတော်ကြာပြီ၊ နှစ်ပေါင်းများစွာကြာခဲ့ပြီ၊ အခုမှ ဒါကိုပြန်ပေးဖို့ပြောဆိုလုပ်ကိုင်နေကြတာ သူတို့မှာလည်း ပရောဆက်တစ်ခု သူတို့လုပ်နေတယ်၊ လုပ်နေတဲ့အခါ ကျွန်မတို့ စောင့်နေလိုက် တယ်၊ စောင့်နေလိုက်တာ အခုပဲ ၂၀၁၃ မတ်လထဲရောက်လာပြီ၊ သမ္မတကြီး အခုသွားတဲ့ခရီးစဉ်က အခု ကျွန်မတို့ ကြားနေတာက အခွန်သက်သာခွင့်တောင် မကဘဲနဲ့ အခွန်ကင်းလွတ်ခွင့်ပေးမယ်လို့တောင် ပြောနေကြတာ၊ သမ္မတကြီး အခုသွားခဲ့တဲ့ ခရီးစဉ်က ဒီအတွက် ပိုပြီးတော့ အားဖြည့်ပေးတဲ့ ခရီးစဉ်လို့ ယူဆပါတယ်၊ ချစ်ကြည်ရေး ခရီးသွားတဲ့အခါမှာလည်း ကုန်သွယ်မှုတွေလည်း ပြောခဲ့ကြမှာပေါ့၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တစ်ခုခုပေါ့၊ ကုန်သွယ်မှုကို ပိုပြီး လုပ်နိုင်အောင် အားဖြည့်ပေးတဲ့ ခရီးစဉ်ဖြစ်တယ်လို့ ကျွန်မယုံကြည်ပါတယ်၊ အထူးပဲ ကျွန်မ ယုံကြည်ပါတယ်၊ မြန်မာနိုင်ငံအတွက် ကုန်သွယ်မှု အားကောင်းလာရင်တော့ အလွန်အကျိုးရှိပါတယ်။



ထက်ထက်မိုးဦး
(ရုပ်ရှင်သရုပ်ဆောင်)

**ဦးကောင်းမြင့်ထွန်း**
**(Myanmar National Congress)**

ကျွန်တော်တို့မြန်မာတွေ တစ်စထက်တစ်စ ကမ္ဘာ့အလယ်မှာ တဖြည်းဖြည်း ဝင့်ထည်နိုင်ဖို့ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့က ကြိုးပမ်းအားထုတ်နေတာကို ကျွန်တော်တို့နိုင်ငံရေးသမားတွေက တစ်တပ်တစ်အားဝိုင်းကူကြ တိုက်တွန်းကြမှ ရွေ့နိုင်မယ်လို့ ကျွန်တော့်အနေနဲ့နားလည်ထားပါတယ်။

ကျွန်တော်တို့က တိုင်းပြည်ကိုပို၍ ကောင်းအောင်၊ ပို၍ အင်အားကြီးလာအောင် အဆင့်မြှင့်နိုင်ဖို့ဟာတွေ ပိုပြီး အာရုံစိုက်ပါတယ်။ အလုပ်လုပ်ဖို့ ပိုပြီး အာရုံစိုက်တယ်။ အနောက်နိုင်ငံတွေရဲ့ ဆန်ရှင်ရုပ်သိမ်းဖို့က ကျွန်တော်တို့ တိုင်းပြည်စီးပွားရေးဦးမော့ဖို့ အကြောင်းရင်း တစ်ရပ်ဖြစ်ပါတယ်။ အဲဒီအတွက် သိရှိတဲ့လူတိုင်းက ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဖို့ လိုတယ်။ နိုင်ငံတော်သမ္မတကြီးက ရှေ့ကနေ ဦးဆောင်ပြီး ကြိုးစားနေတာကြောင့် တစ်တိုင်းတစ်ပြည်လုံးက အုန်းအုန်းကျွက်ကျွက်နဲ့ ပါဝင်လက်တွဲကြဖို့ ပြောချင်ပါတယ်။

**ထက်ထက်မိုးဦး(ရုပ်ရှင်သရုပ်ဆောင်)**

ကြိုဆိုချင်တာကြာပါပြီ။ အရင်တစ်ခေါက်က သူများတွေကြိုတုန်းကလည်း ကိုယ်ကကြိုချင်တယ်။ သမ္မတကြီးကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပီတိဖြစ်ပြီးတော့ လာကြိုတာပါ။ အများပြည်သူကောင်းစားဖို့အတွက်၊ တစ်တိုင်းပြည်လုံးအတွက် စီးပွားရေး၊ ချစ်ကြည်ရေး အစစအရာရာသွားပြီး အကျိုးဆောင်တာကြောင့် ဝမ်းသာတယ်။ တိုင်းပြည်တိုးတက်မယ်ဆိုတော့ တစ်တိုင်းပြည်လုံး အကောင်းဆုံး တိုးတက်ဖို့ ဆောင်ရွက်ပေးနေတဲ့ သမ္မတကြီးကို ကျေးဇူးတင်ပါတယ်။

အရင်တုန်းက ဘာမှမသိရဘူး၊ အခုပွင့်လင်းမြင်သာတဲ့ခေတ်ကို ရောက်လာတာကြောင့် အကုန်သိနေရပါပြီ၊ အရာအားလုံးတဖြည်းဖြည်းနဲ့တော့ ကောင်းလာမှာပါ။ ချက်ချင်းကြီးတော့ မဖြစ်ပါဘူး၊ တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာတာကို သိရတာကြောင့် ဝမ်းသာပါတယ်။ ဗုဒ္ဓဘာသာနိုင်ငံဖြစ်တာကြောင့် အေးအေးချမ်းချမ်းနဲ့ တိုးတက်မှာပါလို့ ယုံကြည်ပါတယ်။ ဆက်သွယ်ရေးကအစ အရာအားလုံး လမ်း၊ တံတားစတာတွေ အပါအဝင် အရင်က မမြင်ရ၊ မသိရတာတွေထက်စာရင် တိုးတက်လာတာကြောင့် ဝမ်းသာပါတယ်။



# သုံးထိုက်လျှင်ဆေး မသုံးထိုက်လျှင်ဘေး

ဒေါက်တာခင်ချစ်(ဆေး/သု)

မြန်မာနိုင်ငံ၌ လူအများစုသည် ကျေးလက်တောရွာတွင် နေထိုင်ကြပြီး ရှေးရိုးအစဉ်အဆက်က သုံးစွဲလာခဲ့သော မြန်မာ့တိုင်းရင်းဆေးများကို အားကိုး၍ မိသားစုကျန်းမာရေးအား ကာကွယ်စောင့်ရှောက်ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာရှည်ခဲ့ပြီ ဖြစ်ပါသည်။ ပုဂံခေတ်မှစ၍ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံခေတ်အထိ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းသုံးစွဲလာခဲ့ရာ ယခုထက်တိုင် ပြည်သူလူထု၏ ၈၀ ရာခိုင်နှုန်းသည် မြန်မာတိုင်းရင်းဆေးကို ယုံယုံကြည်ကြည် သုံးစွဲကြကြောင်း တွေ့ရှိရပါသည်။ မြန်မာတိုင်းရင်းဆေးများသည် လွယ်လွယ်ကူကူရရှိနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ကိုက်ညီခြင်း၊ ဘေးထွက်ဆိုးကျိုး နည်းပါးသည်ဟု ယုံကြည်သည့်အတွက် လူအများလက်ခံသုံးစွဲနေခြင်း ဖြစ်ပါသည်။ တိုင်းရင်းဆေး သုံးစွဲခြင်းအား နိုင်ငံတော်မှ အားပေးသည့်အနေဖြင့် အာနိသင်ထက်မြက်၍ အန္တရာယ်ကင်းသော တိုင်းရင်းဆေးများ ပိုမိုတိကျစွာ ပေါ်ထွက်လာစေရန် ကျန်းမာရေးဝန်ကြီးဌာနအား ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပါသည်။

ကြံ့ဃရမူလီဟု အများသိကြသော တိုင်းရင်းဆေးပင်သည် အသည်းရောင်ဘီပိုး၊ စီပိုးပျောက်သည်၊ ကင်ဆာရောဂါကို သက်သာစေသည်၊ အဆစ်အမျက်ကိုက်ခဲမှုကို သက်သာစေသည်၊ ကျန်းမာရွှင်လန်းစေသည်ဟု ဆိုကာ ပြည်သူလူထုများ သုံးစွဲနေကြသည်ဟု သိရသည်။ ၎င်းအပင်မှာ ရှေးမြန်မာသမားတော်ကြီး အရှင်နာဂသိန် ၁၉၆၈ လက်ထက်ကတည်းကပင် မြွေဆိပ်ဖြေဆေး၊ နာတာရှည် အဆစ်ရောင်ရောဂါ၊ ရေဖျဉ်းရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ အဖျားကွက်ရောဂါ၊ သူငယ်နာဝမ်းပျက်နှင့် လည်ချောင်းနာ အဖျားပျောက်ဆေးအဖြစ်လည်းကောင်း၊ လွယ်ကူစွာသားဖွားစေနိုင်သော ဆေးအဖြစ်လည်းကောင်း အသုံးပြုခဲ့ကြကြောင်း ဆေးကျမ်းစာအုပ်များတွင် တွေ့ရှိခဲ့ရပါသည်။ ၎င်းဆေးပင်အား အရွက်စိမ်းသတ္တုရည် သောက်သုံးခြင်းဖြင့် လည်းကောင်း၊ အမြစ်ကိုသွေး၍ လိမ်းကျံခြင်းဖြင့် လည်းကောင်း၊ အမြစ်ကို ကျိုသောက်၍လည်းကောင်း ဆေးနည်းအမျိုးမျိုးတွင် အသုံးပြုလျက်ရှိကြပါသည်။

ကြံ့ဃရမူလီ အနွယ်ဝင်အပင်များအား တရုတ်တိုင်းရင်းဆေးအဖြစ်လည်း အဆစ်အမျက်ရောင်ခြင်း၊ ဖောရောင်ခြင်းနှင့် ဆီးရွှင်ရန်အတွက် တွင်ကျယ်စွာ အသုံးပြုခဲ့ကြပါသည်။ အိန္ဒိယနိုင်ငံတွင်လည်း ၎င်းဆေးပင်အား အဖျားတက်ခြင်း၊ ဝမ်းကိုက်ရောဂါ၊ အနာကြီးရောဂါ၊ အရေပြားရောဂါ၊ မီးယပ်ရောဂါ၊ မြွေကိုက်ခြင်းနှင့် ကိုယ်အလေးချိန် လျှော့ချခြင်းတို့တွင် အသုံးပြုကြောင်း ၂၀၁၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ထုတ်ဝေခဲ့သော အာရှဆေးဖက်ဝင်အပင်များဆိုင်ရာစာစောင်တွင် တွေ့ရှိရပါသည်။ ယင်းဆေးပင်အား နိုင်ငံတကာမှ သိပ္ပံပညာရှင်အသီးသီးသည် ၁၉၇၆ ခုနှစ်မှစ၍ သိပ္ပံနည်းကျ သုတေသနအမျိုးမျိုးပြုလုပ်ခဲ့ပါသည်။ ၎င်းသုတေသနတွေ့ရှိချက်များအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရှိ အပြည်ပြည်ဆိုင်ရာကင်ဆာသုတေသနအေဂျင်စီမှ ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ထားသည့်သတင်းအား တင်ပြလိုပါသည်။ ၎င်းဆေးပင်ကြောင့် ကင်ဆာရောဂါဖြစ်ပွားခြင်းကို ဘယ်လ်ဂျီယံနိုင်ငံတွင် ၂၀၀၂ ခုနှစ်၌ မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြပါသည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် ပိန်ဆေးအဖြစ် အသုံးပြုသော တရုတ်တိုင်းရင်းဆေးတွင် ၎င်းဆေးပင်မျိုးနွယ်ဝင်အပင်များပါဝင်ပြီး ၎င်းကို သောက်သုံးသော သက်လတ်ပိုင်းအရွယ် အမျိုးသမီးများတွင် ကျောက်ကပ်ရောဂါဖြစ်ပွားလာကြောင်းကို သတိပြုမိလာကြပါသည်။ သို့ဖြစ်၍ ထပ်မံလေ့လာရာတွင် ပိန်ဆေးသုံးစွဲသူ အမျိုးသမီး ၁၀၀ ခန့်တွင် ၃၉ ယောက်မှာ ကျောက်ကပ်ထိခိုက်မှုဖြစ်ပွားပြီး ၁၈ ယောက်မှာ ကျောက်ကပ်တွင် ကင်ဆာရောဂါဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ ၎င်းတိုင်းရင်းဆေးအား စမ်းသပ်ကြည့်ရာတွင် aristolochic acid ဟူသော ဓာတ်ပေါင်းပါဝင်ကြောင်း တွေ့ရှိရပြီး ၎င်းသည် ကြံ့ဃရမူလီ အနွယ်ဝင်အပင်များအားလုံးတွင် ပါဝင်ကြောင်းလည်း တွေ့ရှိရပါသည်။ ထို့ပြင် ၎င်းကင်ဆာလူနာများမှ ကင်ဆာဖြစ်နေသော အစိတ်အပိုင်းအား ခွဲထုတ်ခဲ့ခန်းတွင် စမ်းသပ်ရာတွင် specific aristolochic acid - DNA adducts တွေ့ရှိရသဖြင့် ၎င်းကင်ဆာသည် aristolochic acid ကြောင့် ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ကင်ဆာဖြစ်ပွားသူများကို စစ်ဆေးသောအခါတွင် တိုင်းရင်းဆေးသောက်သုံးမှုများလေလေ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ပိုများလေလေဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

တစ်ပြိုင်တည်းတွင်ပင် အာရှနှင့် ဥရောပနိုင်ငံများတွင်လည်း အချို့သော တရုတ်တိုင်းရင်းဆေးများကြောင့် ကျောက်ကပ်ထိခိုက်ပျက်စီးသော မှတ်တမ်းများတွေ့ရှိပါသည်။ ၎င်းကို တရုတ်တိုင်းရင်းဆေးကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါ (Chinese herb nephropathy)ဟု အမည်ပေးကြပါသည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ကင်ဆာသုတေသနအေဂျင်စီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကြံ့ဃရမူလီအပင်တွင် ပါဝင်သော aristolochic acid မှာ ကင်ဆာဖြစ်နိုင်စွမ်းမြင့်မားသော ဓာတုပစ္စည်းအဖြစ် သတ်မှတ်ခဲ့ပါသည်။ အဆိုပါ ဓာတုပစ္စည်းမှာ TP 53 မျိုးဗီဇ၏ ဓာတုဖွဲ့စည်းပုံကို ပြောင်းလဲစေနိုင်ကြောင်း တွေ့ရှိရပါသည်။

ဤကဲ့သို့နာမည်ကျော်ကြားလှသော တိုင်းရင်းဆေးပင်သည် မြန်မာနိုင်ငံတွင်လည်း ပေါက်ရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြောင်း တွေ့ရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်ချက်အရ ပြည်သူလူထုစိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရန် မြန်မာနိုင်ငံတွင် သုံးစွဲနေသောမျိုးစိတ်အား ဖော်ထုတ်၍အဆိပ်အတောက်ရှိ၊ မရှိ စမ်းသပ်ရန် ညွှန်ကြားခဲ့ပါသည်။

ကြံ့ဃရမူလီပင်သည် Aristolochia မျိုးစုတွင်ပါဝင်ပြီး မျိုးစိတ်ပေါင်း ၅၀၀ ကျော်ရှိပါသည်။ သို့ရာတွင် မြန်မာပြည်တွင် အသုံးများသောမျိုးစိတ်မှာ Aristolochia Indica Linn မျိုးစိတ်ဖြစ်ကြောင်း ရုက္ခဗေဒပညာရှင်မှ ဖော်ထုတ်ခဲ့ပါသည်။ ၎င်းဆေးပင်အား မြန်မာပြည်တွင် များသောအားဖြင့် အရွက်နှစ်ရွက်မှ သုံး၊ လေးရွက်အထိ စားသုံးကြောင်း သိရှိရပါသည်။

ကြံ့ဃရမူလီဆေးပင်သည် နိုင်ငံတကာတွင် စမ်းသပ်ထားသော်လည်း မိမိတိုင်းပြည်တွင် ပေါက်ရောက်သော ရေ၊ မြေ သဘာဝပေါ်မူတည်၍ ဓာတုဒြပ်ပေါင်းပါဝင်မှုမှာ ကွာခြားမှုရှိနိုင်ပြီး ဇီဝဖြစ်စဉ်အပေါ် သက်ရောက်မှုမှာလည်း ကွာခြားနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် ၎င်းကြံ့ဃရမူလီအပင်တွင် ပါဝင်သော အပင်ဓာတုဒြပ်ပေါင်းများအား ဦးစွာရှာဖွေဖော်ထုတ်စမ်းသပ်ခဲ့ပါသည်။ ၎င်းတွင် အကျိုးပြုသော flavonoid, polyphenol, tanin နှင့် saponin ဒြပ်ပေါင်းများ ပါဝင်သော်လည်း အဆိပ်အတောက်ဖြစ်စေနိုင်သော cyanogenic glycoside ကဲ့သို့ ဒြပ်ပေါင်းလည်း ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် ၎င်းအရွက်သတ္တုရည်နှင့် ရေဖြင့်ထုတ်ထားသော ဆေးအနှစ်များကို ကြွက်ဖြူလေးများပေါ်တွင် အဆိပ်အာနိသင် ရှိ၊ မရှိ စမ်းသပ်တိုက်ကျွေးခဲ့ပါသည်။ ၎င်းစမ်းသပ်ချက်အား လက်ရှိကမ္ဘာ့နိုင်ငံအသီးသီးတွင် အသုံးပြုနေသော Organization for Economic Co- operative Development (OECD) guideline အတိုင်း ပြုလုပ်စမ်းသပ်ခဲ့ပါသည်။ ၎င်းကြွက်ဖြူလေးများအား 300mg/kg, 2g/kg နှင့် 5g/kg ဆေးချိန်များခွဲ၍ တိုက်ကျွေးပြီး ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုခဲ့ရာတွင် ကြွက်များသေဆုံးခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းကြွက်ဖြူလေးများ၏ သွေးများကိုထုတ်ယူ၍ အသည်းနှင့် ကျောက်ကပ်ပျက်စီးမှုရှိ၊ မရှိ စစ်ဆေးရသော Liver Function Test (Serum bilirubin, alkaline phospnatase, ALT AST) နှင့် ကျောက်ကပ်အတွက် Renal Function Test (urea and creatinine) တို့အား စမ်းသပ်စစ်ဆေးခဲ့ပါသည်။ ကျောက်ကပ်ထိခိုက်မှုကိုပြသော urea နှင့် creatinine ပမာဏမှာ 2G/kg ဆေးချိန်မှစ၍ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ၎င်းတွေ့ရှိချက်အပေါ်မူတည်၍ ကြွက်ကလေးများ၏ ဦးနှောက်၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်၊ ဘေလုံး၊ အစာအိမ်၊ အူသိမ်နှင့် အူမကြီးများအားလုံးကိုထုတ်ယူ၍ ပြင်ပလက္ခဏာများကို ကြည့်ရှုစစ်ဆေးပြီးနောက် ၎င်းအသားစများကို အလွှာလိုက်ဖြတ်ပြီး အဏုကြည့်မှန်ဘီလူးဖြင့် အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ဤသို့ စစ်ဆေးသောအခါတွင် 5g/kg ဆေးချိန်သောက်ထားသော ကြွက်ဖြူလေးများ၏ ကျောက်ကပ်များတွင် အချို့မှာ ရောင်ရမ်းပြီး အချို့မှာ သွေးယိုစီးမှုရှိနေကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ကျွန်မတို့တိုင်းပြည်တွင် အသုံးပြုနေသော ကြံ့ဃရမူလီဆေးပင်သည် များများစားသုံးလျှင် ကျောက်ကပ်ပျက်စီးစေနိုင်ကြောင်း သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ပါသည်။

မြန်မာစကားတွင် “တန်ဆေးလွန်ဘေး” ဟူသော စကားရပ်တစ်ခုရှိပါသည်။ မည်သည့်ဆေးကိုမှီဝဲသည်ဖြစ်စေ သင့်တင့်လျောက်ပတ်စွာသုံးစွဲသင့်ပြီး အလွန်အကျွံသုံးစွဲပါက ဘေးဒုက္ခကျရောက်တတ်ပါသည်။ တိုင်းရင်းဆေးသည် တိုင်းရင်းဆေးအလျောက် အကျိုးအာနိသင်ထက်မြက်မှုများရှိပါသည်။ ထို့အတူ အနောက်တိုင်းဆေးသည်လည်း အနောက်တိုင်း ဆေးအလျောက် အကျိုးအာနိသင် ထက်မြက်ပါသည်။ သို့သော် အရာရာသည် ကောင်းကျိုးရှိသကဲ့သို့ ဆိုးကျိုးလည်းရှိတတ်ပါသည်။ ထိုကဲ့သို့သော ကောင်းကျိုး ဆိုးကျိုးများအား စိစစ်ပိုင်းခြားလေ့လာသုံးသပ်၍ ဖြစ်တန်ရာသည်များကို ဆောင်ကြဉ်းပေးအပ်ရာသည်၊ ထိုဆောင်ကြဉ်းမှုကို ယနေ့ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ ဆေးသည် ဆေးအချိန်အဆလွဲမှားသွားပါက အဆိပ်ဖြစ်သွားလေသည်။ ထိုသဘောတရားကို အမြဲမပြတ်သတိချပ်သင့်သည်။ ဆေးအချိန်အဆနှင့် မှန်ကန်စွာသုံးစွဲမှုသည် ဆေးနှင့် အဆိပ်ကွာခြားချက်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။ သို့ဖြစ်၍ လူအများပြောကြားရိုးတစ်ဆင့်စကားဖြင့် ဆေးပင်၊ ဆေးမြစ်ပင်ဖြစ်သော်လည်း အရမ်းကာရော မသုံးစွဲသင့်ကြောင်း၊ သုံးစွဲမည်ဆိုလျှင် မိမိသုံးစွဲမည့် ဆေးနှင့် ပတ်သက်သော အချက်အလက်များကို ပြည့်စုံစွာ လေ့လာပြီးမှသာ အသုံးပြုသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

စင်ကာပူ Mar 24, Apr 13 | ကမ္ဘောဒီးယား Mar 23, Apr 13 | ဗီယက်နမ် Mar 27, Apr 13 | ဟောင်ကောင် မကာအို ကွမ်ကျိုး Mar 24, Apr 11,12
စင်ကာပူ မလေးရှား Mar 24, Apr 12,13 | ကမ္ဘောဒီးယား ဗီယက်နမ် Mar 23, Apr 10,13 | ဘန်ကောက် ပတ္တရား၊ အယုဒ္ဓယ Mar 24, Apr 12,13 | တရုတ် (ကူမင်း ရှန်ဟိုင်း ဗီကင်း) Mar 23, Apr 11,13
ကိုရီးယား ဘာလီ ဂျပန် အမေရိကား ဥရောပ ဩစတြေးလျ
First Choice Travel & Tour
09-4210 69966
09-517 1301
09-730 59081

## ဥပုသ်ချောင်းရေလွှဲမြောင်း ရေထိန်းနံရံ တည်ဆောက်ရန်လိုအပ်

ကလေး မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ရှိ လေယာဉ်ကွင်းပြေးလမ်းကို ထပ်မံ၍ ပေ ၂၀၀၀ တိုးချဲ့လျက်ရှိသည်။ တိုးချဲ့နေသော လေယာဉ်ကွင်းဧရိယာနှင့် မလွတ်သော ဥပုသ်ချောင်းကြီးကို တပ်ဦးသီတာရပ်ကွက်အတွင်းသို့ ရေလွှဲမြောင်းတူးဖော်၍ ရေလွှဲလျက်ရှိပြီး လုပ်ငန်းပြီးစီးလုနီးပါးဖြစ်သည်။

အဆိုပါ ရေလွှဲမြောင်းကြီးအဆုံးသတ်သည့် နေရာတစ်ဝိုက်မြေများမှာ ရေတိုက်စားခြင်း ခံရသောကြောင့် ပြိုကျပျက်စီးပြီး မြေထိန်းဆောင်ရွက်မှု မရှိသည်ကို တွေ့ရသည်။

ရပ်ကွက်အတွင်း အများပြည်သူများ အေးချမ်းသာယာစွာနေထိုင်နိုင်ရေးကို ရှေးရှု၍ ရေလွှဲမြောင်းအဆုံးသတ်နေရာတစ်ဝိုက်ရှိ ပြိုကျနေသည့်မြေအား မြေထိန်းနံရံအခိုင်အမာတည်ဆောက်ပေးပါရန် ရပ်ကွက်ပြည်သူများက လိုအပ်လျက်ရှိသည်ဟု သိရသည်။

ပီတာမောင် (ကလေး)

UNIQUE STAR TRAVELS & TOURS
Promotion (၃)ဦး ဝယ်လျှင် + (၁)ဦး အခမဲ့
Mar:23, Apr:10,11,12,13 (350,000)
Mar:23,Apr:11,12,13,17 (185,000)
Mar:23,Apr:13 (175,000) | Mar:23,Apr:11,13 (175,000)
Mar:23,Apr:12 (175,000) | Mar:23,Apr:11,13 (185,000)
Mar:23,Apr:12 (195,000) | Apr:11,13 (265,000)
Hotel Max Mar: 24 (75,000) | Apr:11,13 (265,000)
(5),Ground Fl, Asia Plaza, Ph. 391 372, 391 373, 708 353, 705 723, 09- 514 8079
70(A), Kabaraye Pagoda Rd,09-7310 9133,09-7310 9144,09-7310 9155, 09-7310 9166

UNIQUE STAR TRAVELS & TOURS
အမေရိကား KOREA AIRLINE (20DAYS/19NIGHTS) APRIL 9~28 (6,000,000)
(SAN FRANCISCO,LOS ANGELES,LAS VEGAS,NEW YORK,WASHINGTON,HARRISBURG,CORNING,NIAGARA FALL)+HONOLULU
ဥရောပ(၉)နိုင်ငံ+အင်္ဂလန် TG APRIL 9~22/9~24,11~24/11~26 (4,500,000)
(FRANCE,ITALY,SWITZERLAND,GERMANY,NERTHERLAND,BELGIUM,AUSTRIA,LIECHTENSTEIN,VATICAN)+UNITED KINGDON
ဩစတြေးလျ TG (SYDNEY,BLUE MOUNTAIN,MOUNT BULLER,MELBOURNE,CANBERRA) APRIL 10~18 (3,400,000)
EVERY (SAT:) (550,000) | APR:12,13 (1,700,000
APR:11,12 (850,000) | APR:10,11 (1,400,000)
APR:10,12,13 (1,250,000) | APR:10,11,12,13 (1,400,000)
APR:10,13 (1,700,000) | ကိုရီးယား TG APR:10,13 (2,000,000)
APR:10,12 (1,700,000) | TG APR:9,10,13 (2,800,000)

## လွှတ်တော်ရေးရာကဏ္ဍ

### ✻ ပြည်သူ့လွှတ်တော်မှ

ကိုယ်စားလှယ်များနှင့်တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည့်သက်ဆိုင်ရာ ဌာနများက ဆွေးနွေးကြမှသာ အများပြည်သူအမှန်တကယ် လိုက်နာဆောင်ရွက်နိုင်သော အခွန်အခဆိုင်ရာဥပဒေကောင်းများပေါ်ထွက်လာပြီး နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုပိုမိုရရှိလာပြီး ယနေ့ကြုံတွေ့နေရသော အခွန်အခဆိုင်ရာများနှင့်စပ်လျဉ်းသောကိစ္စရပ်များဖြစ်သည့် အခွန်ရှောင်ခြင်း၊ ပုန်းကွယ်ခြင်း၊ အခွန်ဆောင်သူနှင့် အခွန်စည်းကြပ်သူအကြား ဖြစ်ပေါ်လေ့ရှိတတ်သော အဂတိတရား၊ လာဘ်ပေးလာဘ်ယူမှုနှင့် မဖွယ်မရာ ပြုမှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထိုအဖြေကောင်းနှင့် လုပ်နည်းလုပ်ဟန်များရရှိရေးအတွက် အခွန်ထမ်းများ၊ ပြည်သူများနှင့်ပြည်သူ့ကိုယ်စားလှယ်များ၏အကြံဉာဏ်နှင့် ပူးပေါင်းပါဝင်မှုများသည် များစွာအကျိုးရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **မြန်မာနိုင်ငံတွင် ငါးတက္ကသိုလ် (Fisheries University) ဖွင့်လှစ်ရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၏ကိုယ်စား မေးမြန်းချက်အပေါ် Fisheries University သို့မဟုတ် University of Fisheries Sciences၊ ငါးလုပ်ငန်းတက္ကသိုလ်တစ်ခုတည်ရှိရန်သည် ခေတ်စနစ်နှင့်လွန်စွာကိုက်ညီပြီး မပျက်မကွက် ဆောင်ရွက်ရန်လိုအပ်သည့်အတွက် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် နိုင်ငံတော်အဆင့်စီမံကိန်းအဖြစ် ထည့်သွင်း၍ မိတ်ဖက်အလှူရှင်နိုင်ငံများ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံငါးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် ငါးလုပ်ငန်းတက္ကသိုလ်တစ်ခုကို ဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံတော်သို့မဟုတ် နိုင်ငံတကာအကူအညီအထောက်အပံ့များရရှိရေး ကြိုးပမ်းလျက်ရှိပြီး ရရှိပါက ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပထမနှစ်သင်တန်းလက်ခံဖွင့်လှစ်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ငါးလုပ်ငန်းတက္ကသိုလ် ထူထောင်ဖွင့်လှစ်နိုင်ခြင်းဖြင့် မြန်မာ့အဏ္ဏဝါနှင့် ကုန်းတွင်းပိုင်းရေနေသယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲနိုင်မည့် ငါးလုပ်ငန်းဆိုင်ရာပညာဗဟုသုတကြွယ်ဝသည့် မျိုးဆက်သစ် ပညာတတ်ဝန်ထမ်းငယ်များကို မွေးထုတ်နိုင်ခြင်း၊ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရေလုပ်သားများသို့ ငါးဖမ်းဆီးခြင်း၊ ငါးမွေးမြူခြင်း၊ ပြုပြင်စီမံထုတ်လုပ်ခြင်းများကို စနစ်တကျပညာပေးဖြန့်ဝေနိုင်ခြင်း၊ ရေလုပ်သားများအနေဖြင့်လည်း ရေလုပ်ငန်းဆိုင်ရာကုန်ထုတ်လုပ်ငန်းကြီးများကို နိုင်ငံတကာဈေးကွက်နှင့်အညီဆောင်ရွက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိ၍ ၎င်းတို့ လူမှုစီးပွားရေး တိုးတက်မြင့်မားလာခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများကို ရေရှည်ခံစားရရှိမည်ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်အပေါ် မေးခွန်းရှင်ကိုယ်စား **ဦးစိန်ဝင်း**က "မြန်မာနိုင်ငံမှာ ငါးတက္ကသိုလ်ဖွင့်လှစ်ပေးမယ်လို့ပြောတဲ့အတွက် ဝမ်းသာပါတယ်။ ငါးတက္ကသိုလ်ဖွင့်လှစ်လိုက်ရင် မြန်မာ့ရေလုပ်ငန်းမှာ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး သားငါးလုပ်ငန်းမြင့်မားလာပါမယ်။ သုတေသနနဲ့တွဲပြီးလုပ်ခြင်းအားဖြင့် ဆုံးရှုံးမှုမရှိနိုင်ဘူးလို့ယူဆပါတယ်။ ပုဂ္ဂလိကကိုယ်ပိုင်သားငါးဖောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်တဲ့အတွက် ငါးမွေးမြူရေးကဏ္ဍတိုးချဲ့လာနိုင်မှာဖြစ်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အလားတူ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က **လွှတ်တော်ရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်အား MRTV-4 ကဲ့သို့ Free Channel (အခမဲ့) ရုပ်သံလိုင်းတစ်လိုင်းအဖြစ် သီးသန့်အစီအစဉ်ဖြင့် ပြည်သူတို့အား ထုတ်လွှင့်ပြသရန်စီစဉ်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုကြောင်း**မေးမြန်းခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ၂၀၁၃ ခုနှစ် နိုဝင်ဘာလမတိုင်မီထုတ်လွှင့်မည့် ရုပ်မြင်သံကြားလိုင်းသစ်များတွင် လွှတ်တော်ရုပ်မြင်သံကြားလိုင်း တစ်လိုင်းကို ထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။



အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းစဉ်။

(သတင်းစဉ်)

ထို့ပြင် ဒုတိယဝန်ကြီးက MRTV-4 ရုပ်သံလိုင်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပုဂ္ဂလိက ဖက်စပ်ထုတ်လွှင့်ခြင်းဖြစ်ပါကြောင်း၊ MRTV-4 Free to Air အခမဲ့ရုပ်သံလိုင်းကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး မြို့များတွင်သာထုတ်လွှင့်လျက်ရှိပြီး ကျန်မြို့များတွင် Free to Air ဖမ်းယူမရနိုင်သေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လောလောဆယ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဖက်စပ်ဖြစ်သော Sky Net က လွှတ်တော် Channel တစ်ခုကို ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတင်ပြုလုပ်သည့် ၄-၇-၂၀၁၂ရက်နေ့မှစ၍ ၂ နာရီခန့် နောက်ကျစနစ်ဖြင့် လွှတ်တော်အစီအစဉ် အစအဆုံး ထုတ်လွှင့်ပေးပြီး မိဘပြည်သူများကြည့်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်ပါကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်များကို Free to Air (အခမဲ့) Channel အဖြစ် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (၂၂၇)ရုံ တည်ဆောက်ပြီးထုတ်လွှင့်လျက်ရှိရာ တစ်နိုင်ငံလုံးလူဦးရေ၏ (၉၂ ဒသမ ၇)ရာခိုင်နှုန်းမှ ဖမ်းယူရရှိပါကြောင်း၊ ယင်းလွှင့်စက်ရုံများအားလုံးသည် Analogue လွှင့်စက်များဖြင့် တပ်ဆင်ထုတ်လွှင့်နေခြင်းဖြစ်သဖြင့် Analogue စနစ်သည် Channel တစ်ခုသာထုတ်လွှင့်နိုင်ပြီး ၎င်း Channel အတွင်း အစီအစဉ်အမျိုးမျိုးကို Channel တစ်ခု တစ်ပြိုင်တည်းထုတ်လွှင့်၍မရနိုင်ပါကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ အဆင့်ဆင့် Digital စနစ် ထူထောင်ပြီးပါက ရုပ်မြင်သံကြား Channel (၄)လိုင်းခန့် Free to Air တိုးမြှင့်ထုတ်လွှင့်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ထုတ်လွှင့်နိုင်ရေးအတွက် Digital လွှင့်စက်အလုံး(၂၀)ကို ဝယ်ယူတပ်ဆင်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးခိုင်မောင်ရည်**က "ပွင့်လင်းမြင်သာတဲ့ ခေတ်ကိုသွားနေတဲ့နိုင်ငံအနေနဲ့ ပြည်သူတွေမှာလည်း နိုင်ငံတော်ရဲ့အပေါ်ပိုင်းဆောင်ရွက်မှုတွေကို ပွင့်လင်းမြင်သာစွာသိရှိဖို့လိုပါတယ်။ ဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ရတဲ့အဖြေကို ဖြေသွားတယ်လို့ယူဆပါတယ်။ လွှတ်တော်ရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်ကို ပြည်သူတွေအားလုံး ကြည့်ရှုခွင့်ရမယ်ဆိုရင် နိုင်ငံရေးအသိအမြင်တွေ ပွင့်လင်းလာနိုင်ပါတယ်။ ပြည်သူနဲ့လွှတ်တော်အကြား၊ ပြည်သူနဲ့ အစိုးရအကြား၊ လွှတ်တော်နဲ့အစိုးရအကြား တိုးလျှိုပေါက်ပွင့်လင်းစွာရှိကြမယ်ဆိုရင် သံသယတွေ ကွယ်ပျောက်ပြီး ခေတ်မီပွင့်လင်းတိုးတက်တဲ့နိုင်ငံတော်ဆီချီတက်ရာမှာ အထောက်အကူဖြစ်စေမှာပါ"ဟု သုံးသပ်ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် **မတရားအသင်းများအက်ဥပဒေ(၁၉၀၈ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးက အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန်နှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ရန် ဆုံးဖြတ်ခဲ့သည်။

**မတရားအသင်းများအက်ဥပဒေ(၁၉၀၈ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄)ကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တန့်ယန်းမဲဆန္ဒနယ်မှ **ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း**က"ဒီဥပဒေကို ပြင်ဆင်မယ်ဆိုတာကောင်းပါတယ်။ ဒီဥပဒေကို နားမလည်လို့ပတ်သက်မိတယ်ဆိုပြီး ခွင့်လွှတ်လို့မရပါဘူး။ ကျွန်တော်တို့ ဒေသတွေမှာ နယ်မြေအခြေအနေအရ နေထိုင်လုပ်ကိုင်စားသောက်မှု နေ့စဉ်ဘဝတွေဟာ သောင်းကျန်းသူတွေနဲ့ကင်းလို့မရပါဘူး။ အဲဒီလိုကင်းလို့မရတဲ့အတွက် ဥပဒေနဲ့ငြိစွန်းမယ်ဆိုရင် အများကြီးနစ်နာပါတယ်။ အဲဒါကြောင့် ပြင်ဆင်မယ်ဆိုတာ တိုင်းရင်းသားပြည်သူတွေအတွက် ကောင်းပါတယ်" ဟု ၎င်း၏ အမြင်ကို ပြောပြခဲ့သည်။

ထို့ပြင် **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၁၁)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (၂၅)ရက်မြောက်နေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❖ အမျိုးသားလွှတ်တော်မှ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၃ တို့အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကြီးကြပ်ရေးအဖွဲ့သည် အများဆုံးအိမ်ထောင်စု ဆယ်စုပါဝင်သော ဆယ်အိမ်စုများကို ဖွဲ့စည်းခြင်း၊ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးကို ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေခြင်း၊ ရွေးချယ်ရရှိသော ပုဂ္ဂိုလ်၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်တို့ကို မှတ်တမ်းထားရှိခြင်း၊ နည်းဥပဒေ ၆ အရ ရွေးချယ်ရရှိသော ဆယ်အိမ်စုကိုယ်စားလှယ်အသီးသီးကို ဥပဒေ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့်ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ခြင်း၊ အရည်အချင်းပြည့်စုံသူများကို ပုံစံ(က)ဖြင့် အမည်စာရင်းပြုစု၍ အတည်ပြုခြင်း၊ နည်းဥပဒေ ၈ အရ တင်ပြသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပုံစံ(ခ)ဖြင့်ပြုစုခြင်း၊ ဦးစားပေးအစီအစဉ်ကို ပုံစံ(ဂ)ဖြင့် ထိန်းသိမ်းခြင်း၊ လျှို့ဝှက်ဆန္ဒမဲအများဆုံးရရှိသောပုဂ္ဂိုလ်၏ အမည်စာရင်းကို ပုံစံ(ဃ)ဖြင့် ပြုစု၍ ကိုယ်ရေးအချက်အလက်နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြခြင်း၊ ဆန္ဒမဲအရေအတွက် တူညီလျှင်ဖြစ်စေ၊ အငြင်းပွားမှုပေါ်ပေါက်ခဲ့လျှင်ဖြစ်စေ နည်းဥပဒေ ၈ နှင့် နည်းဥပဒေ ၉ တို့ပါအတိုင်း ထပ်မံရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း။

သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြသကဲ့သို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းများရှိပါက သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ အဆင့်ဆင့်တိုင်ကြားနိုင်ပြီး တိတိကျကျတိုင်ကြားလာမှုများအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲများကို ပြန်လည်ရွေးချယ်ကျင်းပသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်မဲများသည့်အတွက် အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်က "ကျွန်တော်တို့ဒေသမှာ အများကြည်ညိုတဲ့ ရပ်မိရပ်ဖ(၅)ဦးကို ရပ်မိရပ်ဖတွေက ရွေးချယ်ကြပြီး ဆယ်အိမ်စုအလိုက် မိမိဆယ်အိမ်အတွင်း ကိုယ်စားပြု(၁၀)ဦးစာရင်းများပြုစု၍ မိမိကြိုက်နှစ်သက်သူတစ်ဦးကို လျှို့ဝှက်မဲစနစ်နဲ့ရွေးချယ်ပြီး မဲအများဆုံးရသူကို ဆယ်အိမ်မှူးအဖြစ်ရွေးချယ်ကြပါတယ်။ ဒီဆယ်အိမ်မှူးတွေထဲက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးကို ဆယ်အိမ်မှူးတွေထဲကမှ မဲစနစ်နဲ့ မဲအနည်းအများအလိုက် စာရင်းတွေပြုစု၊ သက်ဆိုင်ရာအဆင့်ဆင့်သို့ပေးပို့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ကြရပါတယ်။ ဆယ်အိမ်မှူးတွေက မဲစနစ်နဲ့ အုပ်ချုပ်ရေးမှူး(ရပ်/ကျေး)ရွေးချယ်ရာမှာ မြို့နယ်က တာဝန်ပေးထားတဲ့ သက်ဆိုင်ရာဌာနများမှ မြို့နယ်အဆင့်တာဝန်ခံများက ကြီးကြပ်ဆောင်ရွက်ကြရပါတယ်။ ဒါ့ကြောင့် ပြဿနာ ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်လာခဲ့ခြင်းမရှိခဲ့ကြပါ။ နိုင်ငံနဲ့အဝှမ်း ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပြီး အချို့နေရာတွေမှာ နည်းဥပဒေ၊ ဥပဒေများနဲ့အညီ ညီညွတ်မှုမရှိတဲ့ ရွေးကောက်မှုတွေရှိနေတာကို ကြားသိရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်နိုင်ပါတယ်။ လူပုဂ္ဂိုလ်ကြောင့်၊ ဒေသအခြေအနေကြောင့်၊ ဌာနဆိုင်ရာများရဲ့အားနည်းချက်များကြောင့် ဖြစ်နိုင်ပါတယ်။ အမှန်က နည်းဥပဒေ၊ ဥပဒေများအရသာ ဖြစ်သင့်သော်လည်း အားနည်းချက်တွေရှိနိုင်ပါတယ်။ ကျွန်တော့် သဘောထားကတော့ နည်းဥပဒေ၊ ဥပဒေအတိုင်းဆောင်ရွက်ရပါမယ်။ တကယ်လို့ အချို့နေရာတွေက အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ မသမာတဲ့နည်းအမျိုးမျိုးကြောင့်၊ အားနည်းမှုတစ်ခုခုကြောင့်ဖြစ်ခဲ့ရင် အဲဒီနေရာတွေကို သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက ကွင်းဆင်းလေ့လာစစ်ဆေးပြီး ဥပဒေအတိုင်းသာ ပြန်လည်ဆောင်ရွက်သင့်ပါတယ်။ လိုအပ်ရင် လုပ်ထုံးလုပ်နည်းတွေနဲ့အညီ အမြန်ဆုံးစုံစမ်းစစ်ဆေးအရေးယူမှုတွေ ပြုလုပ်သွားသင့်ပါတယ်" ဟု ပြောပြသည်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးကံညွန့် ဆွေးနွေးစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်းက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ်ဆင်းရဲချို့တဲ့သူများအားစိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service)ပေးနိုင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အဆိုနှင့်ပတ်သက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင်က "အမှန်တကယ်ဆင်းရဲချို့တဲ့တဲ့ နေရာမျိုးပြောရရင် တောင်ပေါ်ဒေသဖြစ်တဲ့ ဖာပွန်မြို့တောင်ပေါ်ဒေသလေးဖြစ်ပါတယ်။ တကယ်လို့သာ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ့်ဒေသကို ဖွံ့ဖြိုးရေးငွေရခဲ့ရင် ကျန်းမာရေးအတွက် ငွေပဒေသာပင်စိုက်ထူပြီး တောင်ပေါ်က ဆေးလာကုတဲ့ ကရင်တိုင်းရင်းသားတွေအတွက် ဆေးပဒေသာပင်စိုက်ထူမယ်။ ဆေးဖိုးအခမဲ့ ပံ့ပိုးပေးမယ်လို့ ရည်မှန်းထားပါတယ်။ ဖာပွန်တောင်ပေါ်က ကိုယ်ဝန်ဆောင်မိခင်တွေ၊ ငှက်ဖျားရောဂါသည်တွေအားလုံးကို ဆေးကုသနိုင်ဖို့ရည်မှန်းသလို ဥပမိရုပ် မကောင်းတဲ့ကျောင်းတွေပြင်ပြီး လူနာတွေလာတည်းခိုနိုင်အောင် ရည်မှန်းချက်ထားရှိပါတယ်"ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

### MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၉-၃-၂၀၁၃(စနေနေ့)

| | |
|---|---|
| ၅း၄၀ | "အကျိုးရှိသည်၌ ကျွမ်းကျင်ကြစမ်းပါ "တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ) |
| ၈း၅၀ | နှယဉ်ဆန်းထွင်ပန်းအလှဆင် (အရုပ်ပန်းခြင်းပြုလုပ်နည်း) |
| ၁၁း၀၀ | Myanmar Cooking Master (Third Season) (Round -1) (Part- 3) |
| ၂း၅၅ | ဈေးဝယ်လမ်းညွှန် (Golden Arrow) |
| ၅း၂၅ | Fashion Week (တော်ဝင်သူ) (Part -1) |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး"(အပိုင်း-၁၂၄) |
| ၈း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၄၃) |

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၃၀ | Reading - Aston Villa | (Star Sport) |
| ၉း၃၀ | West Brom - Swansea | (Fox Sport) (MRTV - 4) |

### Spain Laliga ဘောလုံးပွဲစဉ်များ

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၃၀ | Barcelona - Deportivo | (Star Sport) |
| ၃း၃၀ | Mallorca - Sevilla | (Star Sport) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# အီးယူ-မြန်မာ အစွန့်ရှည်ကြာမည့် မိတ်ဖက်ဆက်ဆံမှု တည်ဆောက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်

၂၀၁၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟာမင်ဗန်ရွန်ပိုင်၊ ဥရောပ ကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုဆေးမန်နျူရယ် ဘာရိုဆိုနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့သည် မြန်မာနိုင်ငံ၏ သမိုင်းဝင်အပြောင်းအလဲများအတွက် အောက်ပါအတိုင်း အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သဘောတူခဲ့ကြပါသည်-

- **မြန်မာနိုင်ငံအား ခေတ်မီသော ဒီမိုကရေစီနိုင်ငံဖြစ်လာစေရေးအတွက် ဆောင်ရွက်ရန်။** အမြင့်မားဆုံး နိုင်ငံတကာစံများ ပြည့်ဝစေရန်အတွက် အီးယူသည် မြန်မာနိုင်ငံ၏ ခက်မသုံးဖြာနှင့် လည်းကောင်း၊ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့်လည်းကောင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အီးယူ ဥက္ကဋ္ဌ (၂)ဦးနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့သည် ဥရောပပါလီမန်နှင့် မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသည့် ဆန္ဒကိုလည်း ကြိုဆိုကြပါသည်။
- **ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရန်။** ပြည်တွင်းငြိမ်းချမ်းရေး မရရှိပါက မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် ကြွယ်ဝချမ်းသာမှု မရရှိနိုင်ပါ။ ရေရှည်တည်မြဲမည့် နိုင်ငံရေးအရဖြေရှင်းမှုအတွက် လူတိုင်းပါဝင်ခွင့်ရှိသည့် ဆွေးနွေးမှုများ ပြုလုပ်ရန် အစိုးရအနေဖြင့် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ကာလကြာရှည်တည်ရှိနေသည့် သဘောထားကွဲလွဲမှုများကို ပြေလည်စွာဖြေရှင်းနိုင်ရန်လိုပါသည်။ အီးယူသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာနအား ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါသည်။
- **မြန်မာနိုင်ငံသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးမြှင့်တင်ရန်။** မြန်မာအစိုးရအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုရုံးခွင့်တို့ကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ နိုင်ငံရေး အကျဉ်းသားများကို လွတ်ပေးခြင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ အတိုက်အခံများနှင့် ယခင်နိုင်ငံရေးအကျဉ်းသားများပါဝင်သော အစိုးရမှ ဖွဲ့စည်းထားသည့် ပြန်လည်စိစစ်ရေးယန္တရားသည် ကျန်ရှိသော ကိစ္စရပ်များကိုလည်း ပွင့်လင်းမှုနှင့် ပြန်လည်သင့်မြတ်ရေး စိတ်ဓာတ်များဖြင့် ဖြေရှင်းပေးသွားနိုင်မည်ဖြစ်ပါသည်။ ဤကဏ္ဍတွင် အီးယူနှင့် မြန်မာသည် တွေ့ဆုံဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မြန်မာနိုင်ငံ၏ သန္နိဋ္ဌာန်ပြုချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် အကူအညီပေးသွားမည်ဖြစ်ပါသည်။ အထူးသဖြင့် ဘက်လိုက်မှုကင်းရှင်းသော၊ ထိရောက်မှုရှိသော တရားရေးဆိုင်ရာ ကဏ္ဍတည်ဆောက်ရန် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အီးယူကထောက်ခံသွားမည်ဖြစ်ပါသည်။
- နိုင်ငံတကာ အသိုက်အဝန်းတွင် တက်ကြွ၍ လေးစားဖွယ်ဖြစ်သော မြန်မာနိုင်ငံအဖြစ်ဖော်ဆောင်ရေးအတွက် လက်တွဲဆောင်ရွက်သွားရန်။ ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များ International Human Rights Agreements နှင့် NPT စာချုပ်၏ နောက်ဆက်တွဲ ပရိုတိုကောသို့ ဝင်ရောက်ရန် မြန်မာနိုင်ငံမှ အဆင်သင့်ဖြစ်ခြင်းမှာလည်း အထူးအရေးကြီးသည့်ကိစ္စဖြစ်ပါသည်။
- **ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် အီးယူ-မြန်မာ ပူးပေါင်းဆောင်ရွက်သွားရန်။** စီးပွားရေး ပြုပြင်ပြောင်းလဲမှုဖြစ်သည့် ပြည်သူဗဟိုပြု လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး အစိုးရမျှော်မှန်းချက်များ၊ ဈေးကွက်စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူယှဉ်ပြိုင်နိုင်ရေးတို့ကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံသားများအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအုတ်မြစ်ကို တည်ဆောက်ရန်ဖြစ်ပါသည်။ ဤပြုပြင်ပြောင်းလဲမှုများကိုလည်း စတင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးသည့်အနေဖြင့် GSP/EBA အောက်၌ သက်သာခွင့်များ ရရှိရေးအပါအဝင် အီးယူ၏ဈေးကွက်အတွင်းသို့ အဟန့်အတားမရှိ အမြန်ဆုံးပြန်လည် ဝင်ရောက်နိုင်ရန်အတွက် အီးယူကစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ နောက်တစ်ဆင့်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်အတွက် အီးယူနှင့် မြန်မာနှစ်ဖက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရေးထိုးနိုင်ရေးဖြစ်နိုင်ခြေကို လေ့လာဆောင် ရွက်သွားမည်ဖြစ်ပါသည်။ အထူးသဖြင့် သယံဇာတတူးဖော်မှုလုပ်ငန်းများတွင် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ရှိမှု (Corporate Social Responsibility)ဆိုင်ရာ အလေ့အကျင့်ကောင်းများကို မြှင့်တင်သွားမည်ဖြစ်ပါသည်။ နှစ်ဖက်စလုံးက စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် တိကျခိုင်မာသည့် ခြေလှမ်းများစတင်ရန် သဘောတူကြပါသည်။
- ကျွမ်းကျင်ထိရောက်သော တုံ့ပြန်မှုစနစ်တစ်ရပ်ကို တည်ထောင်သွားခြင်းဖြင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုနှင့် ကျွမ်းကျင်မှုများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- **ဖွံ့ဖြိုးရေးမိတ်ဖက်အဖြစ်တည်ဆောက်ရန်။** နေပြည်တော်သဘောတူညီချက်၊ အစိုးရ၏ လုပ်ငန်းစီမံချက်များနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အစိုးရ၏ဆောင်ရွက်ချက်များနှင့်အညီ အီးယူသည် တစ်နိုင်ငံလုံးဖွံ့ဖြိုးမှု ဦးစားပေးအစီအစဉ်နှင့် ပတ်သက်သည့် အကူအညီများတိုးမြှင့်ပေးသွားမည်ဖြစ်ပါသည်။ အနာဂတ်ကာလ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရရှိရန် မြန်မာအစိုးရ၏ ကြိုးပမ်းချက်များကို အီးယူမှ ကူညီသွားမည်ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ တစ်ပြိုင်တည်းတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကျယ်ပြန့်သော မူဝါဒဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်သွားရန်လည်း နှစ်ဖက်သဘောတူညီကြပါသည်။
- **ပညာရေးဆိုင်ရာ အပြန်အလှန်ဖလှယ်ခြင်းများ၊ သတင်းဌာနအဆက်အသွယ်များ၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ နှစ်ဖက်လူမှုအသိုက်အဝန်းများ ပိုမိုနီးစပ်ရေးအတွက် ဆောင်ရွက်သွားရန်။** မြန်မာအစိုးရသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန် ဆုံးဖြတ်ထားသည့်အားလျော်စွာ ရန်ကုန်မြို့ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းမှုဇုန်တွင် ဥရောပအဆောက်အအုံ (Europe House) တစ်ခုဖွင့်လှစ်နိုင်ရေးအတွက် သင့်လျော်သည့် အဆောက်အအုံတစ်လုံးအားပေးအပ်ရန်စဉ်းစားသွားမည်ဖြစ်ပါသည်။ မြန်မာပြည်သူများနှင့်၎င်းတို့၏ ယဉ်ကျေးမှုဓလေ့များ၏ အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးအတွက် မြန်မာနိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အီးယူနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း မြန်မာနိုင်ငံကြိုဆိုပါသည်။
- မိတ်ဖက်ဆောင်ရွက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းရန်နှင့် ဆုံးဖြတ်ချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် (ပူးတွဲလုပ်ငန်းအဖွဲ့) တစ်ဖွဲ့ကို ဖွဲ့စည်းထူထောင်သွားမည်ဖြစ်ပါသည်။ ၎င်းအဖွဲ့သည် တိုးတက်မှုအခြေအနေများအားဆန်းစစ်ရန်နှင့် အနာဂါတ်ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရန် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ ထပ်မံတွေ့ဆုံသွားမည်ဖြစ်ပါသည်။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဒိန်းမတ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဒိန်းမတ်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Mogens Lykketoft ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦးနှင့် ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူးများနှင့် ကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒိန်းမတ်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ဆိုင်ရာအဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E.Mr. Mikael H.WINTHER နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော် ဒိန်းမတ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မိမိတို့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များက လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိဦးဆောင်သည့်မြန်မာလွှတ်တော်ကိုယ်စားလှယ်များ ဒိန်းမတ်နိုင်ငံလွှတ်တော်သို့ ရောက်ရှိလေ့လာခဲ့ပြီး ယခုလို အဆွေတော် ဦးဆောင်၍ လာရောက်လည်ပတ်သည့်အတွက် မိတ်ဟောင်း ဆွေဟောင်းများ ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးပါကြောင်း၊ မိမိတို့လွှတ်တော်တွင် ပါတီစုံ၊ တိုင်းရင်းသားစုံ၊ အယူဝါဒမျိုးစုံနှင့်ဖွဲ့စည်းထားသော်လည်း ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် ဘာသာအယူဝါဒစွဲ မထားရှိဘဲ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်နေကြပါကြောင်း၊ ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းတို့တွင် နိုင်ငံသားများ၏ အခွင့်အရေး၊ ဒီမိုကရေစီအရေးပေါ်တွင် အလေးအနက်ထား စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားပြီး ဒိန်းမတ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်နေချိန်တွင် လာရောက်လည်ပတ်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၊ ပြောင်းလဲမှုများအား ပြည်ပနိုင်ငံများကသာမက ပြည်တွင်းကပါ စိတ်ပါဝင်စားလျက်ရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် လွတ်လပ်စွာ ရေးသားဖော်ပြခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်များမှာ လွန်စွာအရေးကြီးပါကြောင်း၊ ဒိန်းမတ်နိုင်ငံ လွှတ်တော်အနေဖြင့် မြန်မာနိုင်ငံလွှတ်တော်များနှင့် ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဒိန်းမတ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ ဧည့်သည်တော် ဒိန်းမတ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲတွင် ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဧည့်သည်တော် ဒိန်းမတ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော် ဒိန်းမတ်လွှတ်တော် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒိန်းမတ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကင်းထောက်လူငယ်သင်တန်းအမှတ်စဉ်(၁)မှ အုပ်ချုပ်သူနှင့် နည်းပြများအပါအဝင် သင်တန်းသား သင်တန်းသူ ၁၂၇ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၃-၂၀၁၃ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၁၅ | SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို"ဧဒင်ရဲ့ခြေလှမ်း" (မိုးယံဇွန်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ - မျိုးထူး) |
| ၁၁း၂၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၁း၅၀ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁း၀၀ | International News |
| ၂း၀၅ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၂၅ | ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်) |
| ၅း၄၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (ဒုတိယတွဲ) (အပိုင်း-၂၈) |
| ၇း၀၀ | ပြည်တွင်းသတင်း |
| ၇း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (ဒုတိယတွဲ) (အပိုင်း - ၂၈) |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ပျော်ရွှင်စေသောနေ့ရက်များ "ကြောင်နှင့်ကြွက်"(ဇာတ်သိမ်း) (မြင့်မြတ်၊သက်မွန်မြင့်) [ဒါရိုက်တာ - မေတင် (MMG)] တရုတ်ရုပ်ရှင် "မေတ္တာရှိသောမြို့လေး" (အပိုင်း-၁) -ဂီတတံခါးလေးဖွင့်ပါဦး |

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၃-၂၀၁၃ (စနေနေ့)**

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၇း၁၆ | ဓမ္မပူဇာတေး |
| ၁၁း၁၅ | ကာတွန်းအစီအစဉ် -ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ (အပိုင်း-၄၉) |
| ၁၁း၄၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ရေမီးအစုံ မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-မီးပွား] |
| ၁း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ချစ်သူ (အပိုင်း-၂၇) |
| ၅း၀၀ | ကျန်းမာသုတ |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၅၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၁၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း လူရွှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -Force 10 From Navarone နယ်မာရွန်မှတပ်ဖွဲ့(၁၀) (အပိုင်း-၁) မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှုတ်ဖျားထက်က သစ္စာ (အပိုင်း-၆၇) သင့်အတွက်မနက်ဖြန် |

ကျ်

ှင်ပြောင်းလဲ
ာ်သာခွင့်များ
ဉ် ဝင်ရောက်
ာက်တစ်ဆင့်
ပ်နှံမှုဆိုင်ရာ
ဖြစ်ပါသည်။
(Corporate
ဖြစ်ပါသည်။
ျခိုင်မာသည့်

ခြေအနေများ
ားမည်ဖြစ်ပါ

ပ်ငန်းစီမံချက်
အီးယူသည်
ပေးသွားမည်
းချက်များကို
နိုင်ငံ ဖွံ့ဖြိုး
ဖြိုးတိုးတက်မှု
ဖက်သဘော

**းလုပ်ငန်းနှင့်**
**ပ်ရေးအတွက်**
ိန်းသိမ်းရန်
တွင် ဥရောပ
အဆောက်
၊ ယဉ်ကျေးမှု
င်ရေးအတွက်
ိန်းသိမ်းရေး
လည်း မြန်မာ

တွေ့အကောင်
ည်။ ၎င်းအဖွဲ့
က်မှု ပိုမို
ားမည်ဖြစ်ပါ



**င် လွှတ်တော်**

(သတင်းစဉ်)

သူ့လွှတ်တော်
ဒုတိယဥက္ကဋ္ဌ
င်းရေးမှူးများ၊
ရောက်ကြသည်။
ာ်ဥက္ကဋ္ဌ သူရ
ကိုယ်စားလှယ်
တော် ဒိန်းမတ်
ကာ ဂုဏ်ပြုနေ့
**။ (သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၃-၂၀၁၃ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၁၅ | SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို"ဧဒင်ရဲ့ခြေလှမ်း" (မိုးယံဇွန်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ - မျိုးထူး) |
| ၁၁း၂၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၁း၅၀ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁း၀၀ | International News |
| ၂း၀၅ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၂၅ | ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်) |
| ၅း၄၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (ဒုတိယတွဲ) (အပိုင်း-၂၈) |
| ၇း၀၀ | ပြည်တွင်းသတင်း |
| ၇း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (ဒုတိယတွဲ) (အပိုင်း - ၂၈) |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ပျော်ရွှင်စေသောနေ့ရက်များ "ကြောင်နှင့်ကြွက်"(ဇာတ်သိမ်း) (မြင့်မြတ်၊သက်မွန်မြင့်) [ဒါရိုက်တာ - မေတင် (MMG)] တရုတ်ရုပ်ရှင် "မေတ္တာရှိသောမြို့လေး" (အပိုင်း-၁) -ဂီတတံခါးလေးဖွင့်ပါဦး |

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၃-၂၀၁၃ (စနေနေ့)**

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၇း၁၆ | ဓမ္မပူဇာတေး |
| ၁၁း၁၅ | ကာတွန်းအစီအစဉ် -ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ (အပိုင်း-၄၉) |
| ၁၁း၄၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ရေမီးအစုံ မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မိုးပြည့်ပြည့်မောင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-မီးပွား] |
| ၁း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ချစ်သူ (အပိုင်း-၂၇) |
| ၅း၀၀ | ကျန်းမာသုတ |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၅၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် (အပိုင်း-၁၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း လူရွှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -Force 10 From Navarone နယ်မာရွန်မှတပ်ဖွဲ့(၁၀) (အပိုင်း-၁) မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှုတ်ဖျားထက်က သစ္စာ (အပိုင်း-၆၇) သင့်အတွက်မနက်ဖြန် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အီတလီသမ္မတနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သော နှစ်နိုင်ငံသတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အီတလီသမ္မတနိုင်ငံသို့ ၂၀၁၃ ခုနှစ် မတ်လ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ တရားဝင်ခရီးသွားရောက်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျီယော်ဂျီယို နပိုလီတာနိုနှင့် ဝန်ကြီးချုပ် မစ္စတာ မာရီယို မွန်တီတို့က နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြပါသည်။ ခေါင်းဆောင်နှစ်ဦးသည် ခင်မင်ရင်းနှီးစွာဖြင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်ခဲ့ကြရာတွင် မြန်မာနိုင်ငံနှင့် အီတလီနိုင်ငံတို့အကြား ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းလာမှုကို ထင်ဟပ်ဖော်ပြခဲ့ကြပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလအတွင်းက နေပြည်တော်သို့ သွားရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျူလီယိုတာဇီ၏ ခရီးစဉ်နှင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း ဗီယင်ကျန်းမြို့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အီတလီဝန်ကြီးချုပ် မစ္စတာ မွန်တီတို့၏ တွေ့ဆုံဆွေးနွေးမှုများ၏ အကျိုးရလဒ်ကိုအခြေပြု၍ မြန်မာနိုင်ငံမှ အကြီးအကဲတစ်ဦးအတွက် ပထမဆုံးအကြိမ် အီတလီနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည့် ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် အခြေခံကျသည့် မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

နှစ်ဖက်တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ အထူးသဖြင့် စီးပွားရေးကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်ကြီးမားသော အလားအလာများကို ဆက်လက်ဖော်ထုတ်သွားရန်လည်း သဘောတူခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရတို့က လွန်ခဲ့သောနှစ်များအတွင်း စတင်အကောင်အထည်ဖော်ခဲ့ကြသော သမိုင်းဝင်ပြောင်းလဲမှုများအပေါ် အီတလီနိုင်ငံက စိတ်ပါဝင်စားမှုအပြည့်ဖြင့် အားရဝမ်းသာစွာ လေ့လာလျက်ရှိပါသည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ အခွင့်အရေးများ ကာကွယ်မြှင့်တင့်ရေးတို့နှင့် စပ်လျဉ်း၍ ကျယ်ပြန့်သောနယ်ပယ်များအတွင်း ပြုပြင်ပြောင်းလဲမှုများကို အီတလီနိုင်ငံက အစဉ်ထောက်ခံအားပေးလျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဦးဆောင်လမ်းညွှန်မှု၊ အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပါလီမန်၏ ပါဝင်မှုများဖြင့် အဆိုပါပြုပြင်ပြောင်းလဲမှုများ တိုးတက်အောင်မြင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုများကို တက်ကြွစွာပံ့ပိုးပေးရန် အီတလီနိုင်ငံက အဆင်သင့်ရှိပါသည်။ အမျိုးသားပြန်လည်သွေးစည်းညီညွတ်ရေးကဏ္ဍတွင် မကြုံစဖူးထူးကဲစွာ တိုးတက်အောင်မြင်မှုများကို အီတလီအစိုးရက အသိအမှတ်ပြုပါသည်။ ရခိုင်ပြည်နယ်ကိစ္စတွင်လည်း ဒေသခံပြည်သူများ အခြေအနေကို မြှင့်တင်ပေးခြင်းဖြင့် ဖြေရှင်းသွားရန်၊ အထူးသဖြင့် ကချင်ဒေသအပါအဝင် တိုင်းရင်းသားလူမျိုးစုများ နေထိုင်သည့် ဒေသများရှိ ပဋိပက္ခများနှင့် ကျန်ရှိနေသော ယုံကြည်မှုကြောင့် အကျဉ်းကျခံနေသူများအား လွှတ်ပေးရေးကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် အီတလီနိုင်ငံက တိုက်တွန်းအားပေးပါသည်။

လူတိုင်းပါဝင်သော နိုင်ငံရေးဖြစ်စဉ်ဆက်လက်တည်ရှိရန် လိုအပ်ကြောင်းကိုလည်း နှစ်ဖက်က အသိအမှတ်ပြုကြပါသည်။

အာဆီယံအပါအဝင် ဒေသတွင်းမိတ်ဆွေနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးစိန်ခေါ်မှုများအတွက် ရေရှည်ဖြေရှင်းရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း နှစ်ဖက်စလုံးက အလေးထားဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံအပေါ် အီးယူဘက်မှချမှတ်ထားသော ပိတ်ပင်ကန့်သတ်မှုများ ပြန်လည်သုံးသပ်နေသည့် လုပ်ဆောင်ချက်များမှ ကောင်းမွန်သည့်ရလဒ်များပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် အီတလီဘက်မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အီးယူ၏ ဂျီအက်စ်ပီမူဘောင်အောက်မှ ကုန်သွယ်မှုအခွင့်အရေးများရရှိရန် မြန်မာနိုင်ငံ၏ လိုလားချက်ကို နှစ်ဖက်စလုံးက အားပေးထောက်ခံပါသည်။ အီးယူနိုင်ငံများအတွင်းတွင် အီတလီနိုင်ငံသည် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မှန်ကန်မျှတစွာ ရပ်တည်ထောက်ခံအားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ထိတွေ့ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်လျက်ရှိခြင်းကို ပြန်လည်သုံးသပ်လျက် အပြန်အလှန်နားလည်မှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် အရေးကြီးကြောင်း သဘောတူကြပါသည်။

ယဉ်ကျေးမှုအမွေအနှစ်၊ တက္ကသိုလ်နှင့်သုတေသန စသည့်နယ်ပယ်များတွင် သက်ဆိုင်ရာအာဏာပိုင်များ အချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် စိတ်ဝင်စားမှုကိုလည်း ဖော်ပြကြပါသည်။

ထို့အပြင် ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်ရေးရည်ရွယ်ချက်ဖြင့် လွှတ်တော်အချင်းချင်း အပြန်အလှန်လည်ပတ်ရေးအတွက် စိတ်ဝင်စားမှုရှိကြကြောင်းလည်း ဖော်ပြခဲ့ကြပါသည်။

မြန်မာနိုင်ငံနှင့် အီတလီနိုင်ငံများအကြား စီးပွားရေးဆက်ဆံမှုတိုးမြှင့်ရေးကို အထောက်အကူဖြစ်စေမည့် နိုင်ငံရေးနှင့် ဥပဒေရေးရာမူဘောင်တစ်ရပ် ခိုင်မာစွာဖြစ်ထွန်းလာစေရန် အရေးကြီးကြောင်း ဆွေးနွေးကြပါသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံး၌ စီးပွားရေးထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်ရန် သန္နိဋ္ဌာန်ချမှတ်ကြောင်းကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံနှင့် ပြည်သူများအကျိုးဖြစ်ထွန်းစေရန် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် စီးပွားရေးလုပ်ငန်းများကို အားပေးသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန် သဘောတူကြပါသည်။

မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသော စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အဓိကပြုပြင်ပြောင်းလဲမှုများနှင့် ဆက်လက်အကောင်အထည်ဖော်သွားရန် ကတိကဝတ်ပြုထားမှုများသည် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများအကြား ပြန်လည်ထိတွေ့ဆက်ဆံရေးအတွက် ကြီးမားစွာအထောက်အကူပြုကြောင်း သဘောတူညီကြပါသည်။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုးချဲ့သွားရန် အခွင့်အလမ်းများစွာရှိကြောင်း နှစ်ဖက်အသိအမှတ်ပြုကြပါသည်။ အခြေခံအဆောက်အအုံစွမ်းအင်၊ စက်ပစ္စည်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး စသောကဏ္ဍများတွင် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအတွက် အထူးသင့်လျော်သည့် နယ်ပယ်များဖြစ်ပါသည်။

နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ၏ အပြန်အလှန်အကျိုးပြုမှုကို ထောက်ရှု၍ ကဏ္ဍအလိုက် အပြန်အလှန် ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ရေး၊ နိုင်ငံအလိုက် ဆွေးနွေးတင်ပြမှုများပြုလုပ်ရေးနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အစိုးရဌာနအချင်းချင်း ပူးတွဲဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံစီးပွားရေးဆက်စပ်မှုကို ပိုမိုမြှင့်တင်သွားရန်နှင့် စီးပွားရေးအသိုင်းအဝိုင်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို အားပေးသွားရန် နှစ်ဖက်သဘောတူကြပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အီတလီအစိုးရသစ်ခေါင်းဆောင်သစ်များအနေဖြင့် ဖြစ်နိုင်ပါက အီတလီစီးပွားရေး အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များလိုက်ပါလျက် မြန်မာနိုင်ငံသို့ မကြာမီလာရောက်နိုင်ရန် မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အီတလီနိုင်ငံ၌ ရှင်းလင်းဆွေးနွေးတင်ပြမှုတစ်ခု ပြုလုပ်ရေးအတွက် ကူညီဆောင်ရွက်သွားလိုကြောင်းလည်း ပြောကြားခဲ့ပါသည်။ အထက်ပါ လုပ်ဆောင်မှုများမှာ နှစ်ဦးနှစ်ဖက်အကြား စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ထိတွေ့ဖလှယ်ရေးကို အထောက်အကူပြုဖြစ်စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်လိုကြသော ပြည်ပကုမ္ပဏီများအတွက် မျှတသည့် စီးပွားရေးယှဉ်ပြိုင်မှုအခြေအနေကို ဖန်တီးပေးရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ယင်းဥပဒေနှင့် စပ်လျဉ်းသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် ဥပဒေမူဘောင်၏ တိုးတက်ဖြစ်ပေါ်မှုပင်ဖြစ်ကြောင်း အီတလီနိုင်ငံက အသိအမှတ်ပြုပါသည်။ အဆိုပါ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ ရေးဆွဲနိုင်ရေးအတွက် အီတလီဘက်မှ ပံ့ပိုးမှုများကို အထူးကျေးဇူးတင်ရှိကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ထုတ်ဖော်ပြောကြားပါသည်။

တာဝန်သိသော စီးပွားရေးစရိုက်များ ဖြစ်ထွန်းစေရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာအဆင့်၌ သတ်မှတ်ထားရှိသည့်စံနှင့် သတ်မှတ်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းစတင်သည့်အချိန်မှစ၍ သက်ဆိုင်ရာဒေသတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုရေးအခြေမြင့်မားစေရန် စီးပွားရေးစရိုက်များကို ချမှတ်ကျင့်သုံးစေမည့် မူဘောင်သတ်မှတ်ရေးအတွက် ပူးပေါင်းကြရန်အရေးကြီးကြောင်းကိုလည်း ဆွေးနွေးကြပါသည်။

စွမ်းဆောင်ရည်မြှင့်တင်ရေးကို အထူးအလေးထားဦးတည်လျက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်အကောင်အထည်ဖော်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံစုံကဏ္ဍလိုက်ဖြစ်စေ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် နှစ်ဖက်သဘောတူကြပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ယခင်က နှစ်ဖက်သဘောတူထားပြီးဖြစ်သော ဦးစားပေးကဏ္ဍများ ဖြစ်ကြသည့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု စသည့်ကဏ္ဍများကို ထည့်သွင်းစဉ်းစားရန် ဖြစ်ပါသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် ဒေသန္တရအစိုးရများ၊ တက္ကသိုလ်နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုတိုးမြှင့်သွားစေရန် ဖြစ်ပါသည်။

နှစ်ဖက်သဘောတူထားပြီးဖြစ်သည့် စီမံကိန်းများကို သက်ဆိုင်ရာစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့် အညီ ထောက်ပံ့ငွေ၊ ကြွေးမြီပြောင်းလဲမှု၊ အတိုးနှုန်းသက်သာသည့် ချေးငွေတို့မှတစ်ဆင့် ရန်ပုံငွေထောက်ပံ့သွားမည်ဖြစ်ပါသည်။

ယနေ့ လက်မှတ်ရေးထိုးခဲ့ကြသည့် ကြွေးမြီရှင်းလင်းရေးနှင့် ပြန်လည်ပြင်ဆင်သတ်မှတ်ရေး သဘောတူညီချက်နှင့် ကြွေးမြီဖလှယ်ရေးသဘောတူညီချက်တို့သည် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ရေးအတွက် အခြေခံတစ်ရပ်ချမှတ်ပေးသည့်အပြင် နှစ်ဖက်သဘောတူထားပြီးဖြစ်သည့် လုပ်ငန်းစီမံချက်များအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိရေးအတွက်လည်း လမ်းဖွင့်ပေးနိုင်မည်ဖြစ်ပါသည်။

ဝင်ငွေအပေါ် ကောက်ခံသည့် စနစ်များနှင့် ငွေကြေးတိမ်းရှောင်မှုနှင့်စပ်လျဉ်း၍ အခွန်နှစ်ထပ်ပေးဆောင်ခြင်းမှ ရှောင်ကြဉ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် နှစ်ဖက်ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

အီတလီရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ၏ အတတ်ပညာ၊ နည်းပညာ ကျွမ်းကျင်မှုများကို အသုံးပြု၍ စွမ်းအင်ဆိုင်ရာ အလားအလာကောင်းများစွာကို အပြည့်အဝဖော်ထုတ်နိုင်မည့် အခွင့်အလမ်းများရှိကြောင်း နှစ်ဖက်အမြင်ချင်းဖလှယ်ကြပါသည်။

ယဉ်ကျေးမှုဆက်ဆံရေး၊ ဒေသဓလေ့ထုံးစံများအားလေးစားရေးနှင့် လူ့အခွင့်အရေးနှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုအား အကာအကွယ်ပေးရေး၏ အရေးပါမှုကို နှစ်ဖက်စလုံးက အထူးအလေးထားကြပါသည်။ အဆိုပါ ရည်မှန်းချက်နှင့်စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် ထပ်လောင်းအတည်ပြုကြပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး အီတလီအစိုးရဘက်မှ အဆိုပြုထားသော ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို မှတ်သားထားရှိကြပြီး အဆိုပါသဘောတူညီချက်အား ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် သန္နိဋ္ဌာန်ချထားကြောင်းကိုလည်း ဖော်ပြကြပါသည်။

အီတလီဘက်မှ ယဉ်ကျေးမှုအမွေအနှစ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ရည်ရွယ်ထားကြောင်းကိုလည်း အတည်ပြုပြောကြားပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ မူဝါဒ၊စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးရေးနှင့် မြို့ပြစီမံကိန်းများကိစ္စကို အဓိကဦးတည်ကျင်းပသည့် အာရှ-ဥရောပ ရန်ပုံငွေကျွမ်းကျင်သူများ၏"အမွေအနှစ်၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလူနေမှု" အစည်းအဝေးတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

အီတလီနိုင်ငံ၏စီးပွားရေးနှင့် ယူရိုငွေကြေးရပ်ဝန်းအခြေအနေတိုးတက်ကောင်းမွန်စေရန် ဝန်ကြီးချုပ်မွန်တီ၏ အရေးပါသောကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုလျက် ယူရိုငွေကြေးရပ်ဝန်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် စီမံခန့်ခွဲမှု ခိုင်မာစေရေးအတွက် အီတလီ၏အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုများအပေါ် ယုံကြည်မှုရှိကြောင်း သမ္မတဦးသိန်းစိန်က ထုတ်ဖော်ပြောကြားပါသည်။ အီတလီအားလည်း အကျိုးရှိစေမည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာ၊ ပြည်တွင်းဈေးကွက်အခွင့်အလမ်းနှင့် ဒေသတွင်းကုန်သွယ်မှုအနေအထားများကြောင့် မြန်မာနိုင်ငံသည် အီတလီစီးပွားရေးလုပ်ငန်းရှင်များအတွက် အလားအလာကောင်းမွန်သော လုပ်ကွက်တစ်ခုဖြစ်လာနိုင်ကြောင်းကိုလည်း သမ္မတဦးသိန်းစိန်က မှတ်ချက်ပြုပါသည်။

မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်မှု အာဆီယံဘောင်အတွင်းတွင်လည်းကောင်း၊ အေဆမ်နှင့် ဒေသတွင်းနိုင်ငံစုံအစည်းအဝေးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံသည် အာရှဒေသတွင် အီးယူနှင့်စိတ်ချယုံကြည်ရသော မိတ်ဖက်နိုင်ငံအနေဖြင့် ထိတွေ့ဆက်ဆံသွားရန် အသင့်ရှိကြောင်းကို သမ္မတဦးသိန်းစိန်က ဖော်ပြခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် စီးပွားရေးအသိုက်အဝန်းထူထောင်ရန် အာဆီယံရည်မှန်းချက်၏ မဟာဗျူဟာအရ အရေးပါမှုကိုလည်း မြန်မာနှင့်အီတလီတို့က အသိမှတ်ပြုကြပါသည်။ ပေါ်ပေါက်လာတော့မည့် အာဆီယံအသိုက်အဝန်းသည် အာဆီယံနိုင်ငံများအတွက်သာမက အီတလီနှင့် ဥရောပသမဂ္ဂနိုင်ငံများအတွက်ပါ အထူးစိတ်ဝင်စားဖွယ်အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ ဒေသတွင်းပေါင်းစည်းဆက်သွယ်မှုနှင့် ကမ္ဘာ့စီးပွားရေးတွင် ထဲထဲဝင်ဝင် ပါဝင်လာမှုအားဖြင့် အာဆီယံယှဉ်ပြိုင်နိုင်မှု စွမ်းရည်ပြည့်ဝရေးအတွက် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်မှုကို အီတလီက အလေးထားဖော်ပြခဲ့ပါသည်။ အာဆီယံစီးပွားရေးပေါင်းစည်းမှုနှင့် ကမ္ဘာ့စီးပွားရေးအတွက် အရှိန်အဟုန်အကောင်းဆုံး အဖွဲ့အစည်းတစ်ခုအနေဖြင့် ဒေသတွင်းပိုမိုထိတွေ့ဆက်ဆံလာမှုကြောင့် ဖြစ်ပေါ်လာမည့်အခွင့်အလမ်းများကို ရယူအသုံးချသွားရန်စိတ်ပါဝင်စားမှုရှိကြောင်းကိုလည်း ဖော်ပြခဲ့ပါသည်။

အဆင့်တိုင်းတွင် ထိတွေ့မှုနှင့်ဆက်သွယ်မှုများ ပိုမိုများပြားလာပြီး အရေးပါလာသည်နှင့်အမျှ အာဆီယံ-အီးယူဆက်ဆံရေးအရေးပါမှုမြင့်မားလျက်ရှိကြောင်းကိုလည်း နှစ်ဖက်ဖော်ပြကြပါသည်။ မြန်မာ-အီးယူရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူညီချက်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးနိုင်ရန်အလားအလာများကို ကြိုဆိုကြပြီး အထူးသဖြင့် အဖွဲ့အစည်းနှစ်ခုတွင် ဥက္ကဋ္ဌအဖြစ် အသီးသီးတာဝန်ယူကြရမည့် ၂၀၁၄ ခုနှစ် အတွင်း၌ အာဆီယံ-အီးယူမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာအောင် အတူတကွဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန်ချထားကြောင်းကိုလည်း ဖော်ပြခဲ့ကြပါသည်။

**ရောမမြို့**

**၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနိုင်ရေး ကမ်းရိုးတန်းသွားသင်္ဘောများ အပြန်အလှန်ပြေးဆွဲရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး H. E. Mr. Ghulam Mohammed Quader ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ နယ်စပ်ကုန်သွယ်မှုအပါအဝင် ကုန်သွယ်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံမှ ဆားတင်ပို့နိုင်ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း၊ အစိုးရအရာထမ်းများ အချင်းချင်းတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေး၊ ကမ်းရိုးတန်းသွား သင်္ဘောများ အပြန်အလှန်ပြေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H. E. Mr. Ghulam Mohammed Quader ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ရခိုင်စာသင်ရိုးညွှန်းတမ်းပြုစုရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရခိုင်ပြည်နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အပါအဝင် စာစစ်ဌာနအသီးသီးတို့၌ တာဝန်ယူကြီးကြပ်မည့် ကြီးကြပ်ရေးမှူးများအား မတ် ၅ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ တွေ့ဆုံပြီး တက္ကသိုလ်ဝင်စာမေးပွဲစစ်ဆေးမှု အဆင်ပြေချောမွေ့စွာပြီးမြောက်ရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြေဆိုနိုင်ရေး ကိစ္စရပ်များကို မှာကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ရခိုင်စာသင်ရိုးညွှန်းတမ်းပြုစုရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်၍ ရခိုင်စာသင်ရိုးညွှန်းတမ်း ပြုစုရေးနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဏာမညှိနှိုင်းဆွေးနွေးမှု တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ယခုအကြိမ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ရခိုင်စာ သင်ကြားနိုင်ရန်အတွက် ရခိုင်စာသင်ရိုးညွှန်းတမ်းပြုစုပြဋ္ဌာန်းနိုင်ရေးကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာအောင်ကျော်မင်းက ရခိုင်စာသင်ရိုးညွှန်းတမ်းပြုစုရေးဆိုင်ရာ အထွေထွေကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် စာပေပညာရှင်များက ရခိုင်စာသင်ရိုးညွှန်းတမ်းပြုစုရေးကော်မတီတစ်ရပ် ဖွဲ့စည်းရေးနှင့် ရခိုင်စာသင်ကြားရေးပိုင်းဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပိုလ်မှူးဗထူးလမ်း လေးလမ်းသွားကတ္တရာလမ်းသစ်ဖွင့်

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗိုလ်မှူးဗထူးလမ်း လေးလမ်းသွားကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်နှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးအောင်ခင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကတ္တရာလမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော ဗိုလ်မှူးဗထူးလမ်းသည် မူလကနှစ်လမ်းသွား ကတ္တရာလမ်းဖြစ်ပြီး လမ်းသားပျက်စီးမှုများပြားခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လေးလမ်းသွားကတ္တရာလမ်းတိုးချဲ့ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းကတ္တရာလမ်းမှာ အရှည်ပေ ၁၆၅၅၀၊ အကျယ် ၄၈ ပေနှင့် လမ်းခံနိုင်ဝန် တန် ၄၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောက်ဒဂုံမှ တာမွေသို့ ရွှေရန်ကုန် အမှတ်( ၆၇ )ယာဉ်လိုင်းပြေးဆွဲရန် စီစဉ်

**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ထားဝယ်ချောင် ကြိုးတံတားအနီးမှ တာမွေ၊ မင်္ဂလာဈေးဘက်မှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းသို့ ရွှေရန်ကုန် ယာဉ်လိုင်း အဖွဲ့အစည်းအောက်မှ အမှတ်(၆၇) လိုင်း ပြေးဆွဲရန် စီစဉ်နေကြောင်း မထသ(ဗဟို)မှ သိရသည်။

"အခုတင်ပြထားတုန်းပဲရှိသေးတယ်၊ မဆွဲရသေးဘူး၊ မကြာခင်ပြေးဆွဲနိုင်လိမ့်မယ်"ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထိုအမှတ်(၆၇)ယာဉ်လိုင်းသည် ထားဝယ်ချောင် ကြိုးတံတားအနီးမှ တောင်မြောက်လမ်းဆုံ-စံပြဈေး-ကျိုက္ကဆံလမ်းဆုံ-တာမွေဈေး-ပလာဇာ-မင်္ဂလာဈေးအနီးမှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းသို့ ပြေးဆွဲရန် လမ်းကြောင်းရေးဆွဲထားလျက်ရှိပြီး ခရီးစဉ်တစ်လျှောက်တွင် အပိုင်းလိုက်ပိုင်းဖြတ်၍ တစ်ပိုင်းလျှင် ငွေကျပ် ၅၀၊ ဂိတ်စဂိတ်ဆုံး ငွေကျပ် ၂၀၀ သတ်မှတ်ထားသည်။ ရိုးရိုးလိုင်းအဖြစ်ဖြင့်သာ ပြေးဆွဲပေးမည်ဖြစ်ပြီး လောလောဆယ်တွင် ပြေးဆွဲရန် ယာဉ်ငါးစီး တင်ပြထားကြောင်း သိရသည်။

"လိုအပ်ချက်ရှိတဲ့နေရာဒေသတွေကို ဖြည့်ပြီးတော့ ဆွဲပေးမယ့်လိုင်းတွေရှိတယ်။ ဒါပေမယ့် အချိန်နည်းနည်းတော့ စောင့်ရမယ်"ဟု ၎င်းက ဆိုသည်။ ယခင်က စစ်ကျန်ဘတ်စ်ကားပြေးဆွဲခဲ့သော လိုင်းများနှင့် လမ်းကြောင်းများတွင် စီးတီးဘတ်စ်ယာဉ်ကြီးများဖြင့် အစားထိုးပြေးဆွဲရန် စီစဉ်နေသော အခြားယာဉ်လိုင်းများလည်းရှိနေပြီး လတ်တလောတွင် သဘာဝဓာတ်ငွေ့ကိစ္စအတွက် စောင့်ဆိုင်းနေကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# အားကစားအောင်နိုင်ရေး အလှူငွေပေး

**ရန်ကုန် မတ် ၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကာယဗလအားကစား အောင်နိုင်ရေးရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ အလှူရှင် ၁၇ ဦးက အလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၁၁၅၀၅၀၀၀၀ ကို ပေးအပ်ကြရာ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ ကာယဗလအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်)ဦးလှမြင့်ကလက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကာ(ရန်ကုန်မြို့တော်ဝန်)ဦးလှမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကာယဗလအားကစားအောင်နိုင်ရေးအတွက် Crown Advance Constructure Co.,Ltd.၊ Shwe Taung Juction City Development Co., Ltd.၊ ဂမုန်းပွင့်ကုမ္ပဏီ၊ Asia Myanmar Consortiun Development Co.,Ltd.၊ Capital Development Co., Ltd.၊ Mother Trading & Construction Co., Ltd နှင့် FMI Co., Ltd. တို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ဦးသန်းလှိုင်(ရွှေဇမ္ဗူဒိပ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ အောင်ကောင်းကျော်ကုမ္ပဏီများအုပ်စု၊ ဦးအောင်မြင့်(Asia Myanmar Consortiun Development Co.,Ltd.)၊ ဦးအေးသိန်း(High Top Construction Co., Ltd.)၊ ဦးထူးအောင်ညွန့် (နေချမ်းသာဆောက်လုပ်ရေး)၊ ဒေါ်သဲစုမျိုး(Crown Roofing Co., Ltd.)၊ဦးအောင်နိုင်လေး (Construction Co., Ltd.)၊ ဦးဝင်းအောင်(Myanmar Growth Winner Hotel Co., Ltd.)နှင့် AMT Co., Ltd.တို့က ငွေကျပ်သိန်း ၅၀ စီနှင့် အခွန်ဌာနမှ ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(စောသိန်းဝင်း)**

# သားသတ်လိုင်စင်စီစနစ်ဖျက်၍ ဈေးခုံစနစ်ဖြင့်ဆောင်ရွက်

**ရန်ကုန် မတ် ၈**

အသားထုတ်လုပ်မှုတွင် လုပ်ဆောင်နေသည့် လိုင်စင်စီစနစ်ကို ဖျက်သိမ်း၍ဈေးခုံစနစ်ဖြင့် ဆောင်ရွက်နေကြောင်း မတ် ၅ ရက်တွင် ကျင်းပသော သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအခမ်းအနား (၉/၂၀၁၃)မှ သိရသည်။

အဆိုပါ ဆောင်ရွက်မှုကို နေပြည်တော်တွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး ရန်ကုန်-မန္တလေး စသော မြို့ကြီးများတွင်လည်း လုပ်ဆောင်သွားရန် ဆွေးနွေးနေကြောင်း သိရသည်။ ယခု လုပ်ဆောင်နေသည့် ဈေးခုံစနစ်မှာ သားသတ်လုပ်ငန်းနားလည်တတ်ကျွမ်းသူများအနေဖြင့် မှတ်ပုံတင်ကာ မိမိ၏ဈေးခုံ၌ပင် ရောင်းချနိုင်ခြင်းကြောင့် လွတ်လပ်စွာယှဉ်ပြိုင်ရောင်းချနိုင်စွမ်းများရှိပြီး စားသုံးသူများအနေဖြင့် ဈေးနှုန်းကြီးမြင့်မှုဒဏ်မှလျော့ပါးသက်သာစေမည်ဖြစ်သည်။

လိုင်စင်စီစနစ်မှာ သားသတ်လိုင်စင်ရရှိရန် ဈေးပြိုင်ဆွဲရာမှ ဈေးနှုန်းကြီးမြင့်လာခြင်း၊ လိုင်စင်ရထားသူက မိမိအတွက်လည်း အမြတ်ကျန်ရန် ဈေးနှိမ်ဝယ်ယူခြင်း၊ ဈေးကွက်အတွင်း ဈေးနှုန်းမြင့်မားခြင်း စသည်တို့အပြင် လိုင်စင်ခွင့်ပြုချက်ထက် ကျော်လွန်၍ လုပ်ဆောင်ခြင်းနှင့် အခြားမလိုလားအပ်သော အခြေအနေများစွာ ကြုံလာခြင်းကြောင့် ယင်းစနစ်ကို ဖျက်သိမ်းကာ လွတ်လပ်စွာ ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်သော စနစ်မျိုးဖြစ်သည့် ဈေးခုံစနစ်ကို အကောင်အထည်ဖော်ကြခြင်းဖြစ်ကြောင်း သိရသည်။

**(၆၈၀)**

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်
အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှု (Plastic Surgery)ကို ထိုင်းနိုင်ငံမှဆရာဝန်ကြီး ကိုယ်တိုင်
မတ်လ ၁၃ ရက်မှ ၁၆ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးပါမည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

# ဂျပန်နိုင်ငံမှ တင်သွင်းသည့် Mitsubishi အမျိုးအစား 1250 KVA Diesel Generator စက်လေးလုံး ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးညိုဝင်းသည် မတ် ၇ ရက်တွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ အေရှားဝေါလ်ဆိပ်ကမ်းသို့ ဂျပန်နိုင်ငံ Mitsubishi Heavy Industries Co., Ltd. မှ တင်သွင်းသည့် Mitsubishi အမျိုးအစား 1250 KVA Diesel Generator စက်လေးလုံးနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိလာမှုအခြေအနေနှင့် ဓာတ်အားပေးစက်များအား စက်ယန္တရားများဖြင့်သယ်၍ မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုများကို ကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးစက်လေးလုံးသည် Mitsubishi Heavy Industries Co., Ltd. မှ တင်သွင်းသည့် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော Mitsubishi အမျိုးအစား 1250 KVA ဓာတ်အားပေးစက်များဖြစ်ကြောင်း၊ မတ် ၅ ရက်တွင် ဂျပန်နိုင်ငံမှ Kota Tampam (TPN 497) သင်္ဘောဖြင့် အလုံမြို့နယ် ကမ်းနားလမ်းရှိ အေရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာခဲ့ကြောင်း၊ မတ် ၆ ရက်တွင် ရေယာဉ်ပေါ်မှ စက်ယန္တရားများဖြင့် သယ်၍ မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်ပြီး မတ် ၇ ရက်တွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာနသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဓာတ်အားပေးစက် လေးလုံးအား ကရိန်းယာဉ်များအသုံးပြု၍ ကွန်တိန်နာအတွင်းမှ ထုတ်ယူစစ်ဆေးပြီး သီးခြားမော်တော်ယာဉ်များပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ကာ မန္တလေးတိုင်းဒေသကြီးသို့ နှစ်လုံး၊ မကွေးမြို့သို့ တစ်လုံးနှင့် ရခိုင်ပြည်နယ် အမ်းမြို့သို့ တစ်လုံး ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်**




## Twilight Saga: Breaking Dawn

စိတ်ကူးယဉ်သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းဖြစ်သော Twilight မှ ဇာတ်ကောင်များဖြစ်သည့် အက်ဝဒ်၊ ဂျက်ကော့ဘ်နှင့် ဘီလာတို့အား ပရိသတ်များ စွဲလမ်းနှစ်သက်သဘောကျသည်ဆိုသော စကားထက်ပင် ပိုမိုသဘောကျကြောင်း သိရသည်။

ဇာတ်ရှိန်မြင့် စွဲဆောင်အားကောင်းခဲ့သည့် Twilight Saga: Breaking Dawn ဒုတိယပိုင်း၏ ဇာတ်အိမ်တည်ဆောက်ပုံကို စာရေးဆရာ စတီဖန်နီမီယာ၏ စာအုပ်ကို အခြေပြု အသက်သွင်းထားခြင်းဖြစ်သည်။ ယင်းဇာတ်ကား DVD နှင့် Blue-ray အခွေများကို တစ်ပတ်ကျော်အတွင်း ၃ ဒသမ ၈၅ သန်း စံချိန်ဖြင့် ရောင်းအားကောင်းခဲ့သည်။ ပြီးခဲ့သည့် နှစ်က Twilight Saga: Breaking Dawn ပထမပိုင်းသည်လည်း ထိပ်တန်းရောင်းအားကောင်းသည့် အခွေအချပ်ရေ စာရင်းဝင်ခဲ့သည်။ ယင်းဇာတ်ကား ဒုတိယပိုင်း စတင်ဖြန့်ချိခဲ့သည့် မတ် ၂ ရက်က မြို့တွင်းတစ်လျှောက် အခွေအရောင်းဆိုင် ၃၀၀၀ ကျော်၌ နာရီများစွာ တန်းစီဝယ်ယူခဲ့ကြသည်ဟု သိရသည်။

ပထမရက်သတ္တပတ်အတွင်း ရောင်းအားစံနှုန်းကို နှိုင်းယှဉ်ကြည့်လျှင် ပထမပိုင်းထက် ဒုတိယပိုင်းက ၅ ရာခိုင်နှုန်းပိုကြောင်း တွေ့ရသည်။

Lionsgate အိမ်တွင်းဖျော်ဖြေရေးကုမ္ပဏီစီမံရေးရာဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ Ron Schwatz တို့က ပရိသတ်တောင်းဆိုအားကောင်းခဲ့သည့် ၎င်းတို့၏ ဇာတ်ကားများအတွက် ဝမ်းမြောက်ပျော်ရွှင်မိပါကြောင်း ထုတ်ဖော်ပြောကြားသည်။

Twilight;Breaking Dawn Part 2 ၏ ကမ္ဘာလုံးဆိုင်ရာ ရုံတင်ရရှိငွေမှာ ဒေါ်လာ ၈၂၉ သန်းကျော်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရုံတင်ရပိုင်ခွင့် ကျန်ခန့်မှန်းငွေ ဒေါ်လာ ၃ ဒသမ ၃ သန်းမှာ မသေချာသော အနေအထားတွင်ရှိသည်။



## အနီရောင်ကော်ဇောပေါ်က ကိုယ်ဟန်ပြမယ်လေးများ

အကယ်ဒမီဆုပေးပွဲကျင်းပပြီးနောက်ပိုင်း နယူးယောက်အခြေစိုက် Toddle Wood ကလေးကိုယ်ဟန်ပြမယ် ယှဉ်ပြိုင်ပွဲအစီအစဉ်ကို ကျင်းပခဲ့သည်။

ယင်း Toddle Wood အစီအစဉ်ကို ဓာတ်ပုံဆရာမ Tricia Messeroux က ဖန်တီးခဲ့ပြီး မှတ်တမ်းတင်ကျန်ရစ်ခဲ့သည့် အောင်မြင်ကျော်ကြားသော အနုပညာရှင်တို့၏ ပုံရိပ်များနေရာတွင် ကလေးများအစားထိုး ပုံဖော်ကြည့်ခြင်းဖြစ်သည်။

ဓာတ်ပုံဆရာမ Messeroux က ၂၀၀၈ ခုနှစ်တွင် သူမ၏ သုံးနှစ်သမီးစကိုင်လာအား ဓာတ်ပုံရိုက်ရင်း ယင်းစိတ်ကူးကို ရရှိခဲ့ခြင်းဖြစ်သည်။

မိမိယုံကြည်ချက်ကို လက်ကိုင်ထားပြီး ကိုယ်ဟန်ပြဆရာမ၊ အဝတ်အစားဒီဇိုင်နာ၊ မိတ်ကပ်ဆရာနဲ့ ဆံသဆရာတွေကို ခေါ်ယူပြီး စွဲဆောင်မှုအပြည့်ချစ်စရာအသွင်နဲ့ ကော်ဇောနီပေါ်က အောင်မြင်ကျော်ကြားသည့်အနုပညာရှင်မင်းသမီးများ၏ပုံတူ ကိုယ်ဟန်ပြမယ်လေးများ အစီအစဉ်ကို ဖန်တီးနိုင်ခဲ့တာပါ။ ဒီအစီအစဉ်ရဲ့ ရည်ရွယ်ချက်က လျှပ်တစ်ပြက် အချိန်တိုလေးအတွင်းမှာ တစ်စုံတစ်ယောက်ရဲ့ရင်ထဲကိုကျန်ရစ်စေမည့် ကျော်ကြားသူတို့၏ အသွင်အပြင်သို့မဟုတ် တစ်ယောက်ယောက်ရဲ့ဟန်ကိုအမိအရ ရယူပြီး အတွေးလေးတစ်ခုပေးချင်တဲ့ ဆန္ဒပါပဲဟု ထပ်လောင်းပြောကြားသွားသည်။

**ဇေ ယျာ လင်း**

## ဇာတ်အိမ်တည်ဆောက်ပုံခွဲထွက်သွားမည့် စတုတ္ထမြောက်ဇာတ်ကား Transformers 4

ဟောလိဝုဒ်မင်းသား မခ်ဝဲလ်ဘက်သည် ဒါရိုက်တာ မိုက်ကယ်ဘေးနှင့် Pain & Gain ဇာတ်ကား၌ လက်တွဲခဲ့ဖူးပြီး ယင်းဒါရိုက်တာထပ်မံရိုက်ကူးမည့် သိပ္ပံဇာတ်ကား Transformers 4 တွင်လည်း ထပ်မံဆုံတွေ့လက်တွဲကြဦးမည်ဖြစ်သည်။

မင်းသားဝဲလ်ဘက်က ယင်းဒါရိုက်တာနှင့် ဇာတ်ကားရိုက်ကူးရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦး၌ Pain & Gain ရိုက်ကူးခဲ့စဉ်က လက်တွဲညီခဲ့သည့် အတွေ့အကြုံကောင်းများရှိကြောင်း၊ ဒါရိုက်တာ မိုက်ကယ်လ်က ယင်းဇာတ်ကားအတွက် ဒေါ်လာ ၂၅ သန်း သုံးထားကြောင်း၊ ယခု စတုတ္ထမြောက် ဇာတ်ကားသည် အရင်ဇာတ်ကားများနှင့်မတူ ဇာတ်အိမ်တည်ဆောက်ပုံမှာ များစွာခြားနားကြောင်းနှင့် မင်းသား မက်ဝဲလ်ဘက်က ယင်းဇာတ်ကား၌ ကလေးတစ်ယောက်အဖေအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။



Transformers 4 ဇာတ်ကားကို ၂၀၁၅ ခုနှစ် ဇွန် ၂၇ ရက်တွင် စတင်ဖြန့်ချိရုံတင်သွားဖွယ်ရှိကြောင်း သိရသည်။

### ငါးကျမ်းပြန် နွှေရာသီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ဓမ္မာရုံလမ်းရှိ ငါးကျမ်းပြန်သာသနာ့ရိပ်သာတွင် နွှေရာသီဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို ဆရာတော် အရှင်ယောသိတာဘိဝံသနှင့် စာချဆရာတော်များစုပေါင်း၍ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၃ရက်၊(၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်) (စနေနေ့)မှ ၂၀၁၃ခုနှစ်၊ ဧပြီလ ၇ရက်၊ (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ရက်) (တနင်္ဂနွေနေ့)ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တက်ရောက်မည့်သူများသည် ၂၀၁၃ခုနှစ်၊ မတ်လ ၅ ရက်တွင် စတင်စာရင်းပေးသွင်းနိုင်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၇၁၃၁၂၊ ၀၉-၅၁၇၁၃၇၃၊ ၀၉-၇၃၁၂၆၇၇၅သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။






### (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ် သင်္ကေတTheme Song ပြိုင်ပွဲကျင်းပရန် ပြိုင်ပွဲဝင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃ခုနှစ်၊ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရာ (ဖွင့်ပွဲ/ပိတ်ပွဲ)အခမ်းအနားတွင် အသုံးပြုရန်နှင့် ပြိုင်ပွဲမတိုင်မီ လှုံ့ဆော်ရေးသီချင်းအဖြစ် အသုံးပြုရန်အတွက် Theme Song အမျိုးအစား တေးသီချင်းအား အောက်ပါသတ်မှတ်ချက်များနှင့်အညီ မည်သူမဆို ရေးစပ်သီကုံး ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်-

(က) သီချင်းရေးစပ်ရာတွင် ပရိသတ်ပါးစပ်ဖျားတွင် ရေပန်းစားနိုင်သည့် မြူးကြွသည့် သံစဉ်စာသားဖြစ်ရမည်။

(ခ) အားကစားပွဲတော်တစ်ခုလုံးကို ခြုံငုံ၍ မြန်မာ့အလှနှင့် ပေါင်းစပ်ရေးသားရမည်။

(ဂ) သီချင်း၏ Melody မှာ ရိုးစင်း၍ မိရိုးဖလာဂီတကို အခြေခံလျက် ဆန်းသစ်တီထွင်မှုရှိရမည်။

(ဃ) စာသားပိုင်းတွင်လည်း ခက်ခဲမှုမရှိဘဲ နိုင်ငံခြားသားများပင်လျှင် လိုက်လံသီဆိုရန် လွယ်ကူခြင်းရှိရမည်။

(င) သီချင်း Audio CD ပေးပို့ရာတွင် Melody အဆို(နမူနာ)အကြမ်း၊ အနီးစပ်ဆုံး (Tempo), Chord Frame နှင့် Beating သီချင်းပိုဒ် နေရာချထားမှုတို့ပါဝင်ရမည်။

(စ) Theme Song ဝင်ရောက်ယှဉ်ပြိုင်ရာ၌ မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာအင်္ဂလိပ် နှစ်ဘာသာဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။

၂။ သီချင်းများကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ အစီအစဉ်ဖြင့် ရွေးချယ်စိစစ်၍ရွေးချယ်ခြင်းခံရသည့် သီချင်းအတွက် ဆုကြေးငွေ ကျပ်သိန်း ၁၅၀ ချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ မူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

၃။ ယခုပြိုင်ပွဲမှ ရွေးချယ်ရရှိသော Theme Song နှင့် ယခင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအတွက် ဖန်တီးထားသော တေးသီချင်းများမှ အကောင်းဆုံးသီချင်းကို Theme Song အဖြစ် သတ်မှတ်ရွေးချယ်သွားမည်ဖြစ်သည်။

၄။ ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် လျှောက်လွှာများကို လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ ကျိုက္ကဆံကွင်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂ နှင့် လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ နေပြည်တော် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၀) ဖုန်း-၀၆၇-၄၂၂၆၁၈၊ ၀၆၇-၄၀၆၀၂၇ နှင့် ၀၉-၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်ရယူနိုင်ပြီး ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက် နောက်ဆုံးထားကာ ၎င်းဌာနများသို့ ပြန်လည်ပေးပို့ရမည်။

### အောင်မြင်ဇေယျ(ရခိုင်)စေတီတော် ဂေါပကအဖွဲ့၊ တောင်တွင်းကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အောင်မြင်ဇေယျစေတီတော်(ရခိုင်ဘုရားကြီး)မှာ လက်ရှိပဋ္ဌမပစ္စယာ အမြင့်(၆၄)ပေအထိ တည်ထားပြီးစီးပြီး ဖြစ်ပါသည်။

၂။ ယခုအခါတွင် အဆိုပါ ပဋ္ဌမပစ္စယာမှ အထက်ထီးတော်အထိ (၅၀)ပေ ဉာဏ်တော်အမြင့်ရှိသော စေတီတော်ကို ဆက်လက်တည်ထားမည်ဖြစ်ပါသည်။ ၎င်းအပြင် အရံစေတီ(၁၂)ဆူကိုလည်း တစ်ပါတည်း တည်ထားမည် ဖြစ်ပါသည်။

၃။ တာဝန်ယူတည်ဆောက်လိုသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဘုရားဂေါပကရုံးတွင် ရယူနိုင်ပါသည်။

၅။ တည်ထားမည့်ဘုရားစေတီ၏ အဆိုပြုပုံစံအချက်အလက်များကို လာရောက်လေ့လာနိုင်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါများကို ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့
မကွေးလမ်း၊ ရွှေကြာအင်း(၁)ရပ်ကွက်၊ တောင်တွင်းကြီးမြို့
ဖုန်း-၀၆၃-၅၀၄၈၂၊ ၀၉-၄၉၁၅၃၅၁၀

**ဦးထွန်းဦး-ဒေါ်ဝင်းမာ ဦးစီးသော**

**T.V (ရန်ကုန်)**

ပထမဦးဆုံး

အမျိုးသား/သမီး ကားမောင်းစက်ပြင်သင်တန်း

ဖုန်း-၀၉-၅၀၄၁၅၅၀၊ ၀၉-၄၂၀၀၆၆၉၅၅၊ ၀၉-၇၃၀၄၄၃၁၁၊ ၀၁-၂၀၃၁၀၇၊ ၀၁-၅၄၅၄၀၉၊ ၀၁-၂၀၅၅၃၀

ရက်တိုတိုဖြင့် နည်းစနစ်မှန်ကန်စွာ ကားမောင်းအမြန်တတ်လိုလျှင် T.V (ရန်ကုန်) ကားမောင်းသင်တန်းကိုသာ ဆက်သွယ်ကြည့်လိုက်ပါ။

မှတ်ချက် ။ ။ မိမိတို့ တက်ရောက်လိုသော သင်တန်းအချိန်များအား အဆင်အပြေဆုံးဖြစ်စေရန် ညှိနှိုင်းရွေးချယ် လေ့ကျင့်သင်ကြားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ - အမှတ်(၁၆)၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကားမောင်းသင်တန်း၊ ဝင်ပေါက်အရှေ့

(၂) ဗိုလ်မှူးဗထူးလမ်း၊ **U-9**အကွက်၊ မြောက်ဥက္ကလာ ယာဉ်မောင်းသင်တန်းကွင်းအတွင်း

(၃) မဆလာစက်မှတ်တိုင်၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ ကားကက်ဆက်တန်းထိပ်။

(၄) အမှတ်(၉၉)၊ ဗညားဒလလမ်း၊ ၁၂၄ လမ်းမှတ်တိုင်အနီး

## ပရီမီယာလိဂ် ရင်ခုန်သံ....၂၉

ရှိုင်းမင်းမင်း

လာမယ့် မတ် ၉၊ ၁၀ ရက်တွေမှာ ကျင်းပသွားမယ့် ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၂၉)အနက် မတ် ၉ ရက်မှာ ကစားမယ့်ပွဲတွေကို ကြိုတင်သုံးသပ်ပေးပြီးတဲ့နောက် ကျန်ရှိနေသေးတဲ့ မတ် ၁၀ ရက်မှာ ကစားမယ့်ပွဲတွေကို သုံးသပ်ပေးလိုက်ပါတယ်။ အဆိုပါ ပွဲတွေအထဲမှာ လီဗာပူးနဲ့ စပါးဆုံတွေ့နေလို့ အကြိတ်အနယ် ရှိမှာပါ။

**ကာဆယ် Vs စတုတ်** ည ၉း၃၀ နာရီ(၁၀-၃-၁၃)

*ပထမအကျော့ရလဒ် (၂၉-၁၀-၂၀၁၂) စတုတ် ၂ - ၂ ကာဆယ်*

နယူးကာဆယ်ဟာ ဒီပွဲမကစားခင် သုံးရက်သာခြားပြီး အန်ဇီအသင်းနဲ့ ယူရိုပါလိဂ်အဝေးကွင်းပွဲ ကစားခဲ့ရလို့ ပွဲပန်းလာနိုင်သလို ဒီပွဲပြီးရင်လည်း ယူရိုပါလိဂ်ပွဲ ထပ်ကစားရမှာမို့ ခြေချန်ကစားလာနိုင်တာကို သတိပြုရမယ်။ ဒါပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာမို့ စတုတ်ကိုဖိအားပေးနိုင်မှာပါ။ နယူးကာဆယ်ဟာ အိမ်ကွင်းပွဲတွေမှာ ကစားပုံကောင်းမွန်တတ်တဲ့ အသင်းဖြစ်တယ်။ စတုတ်ခြေက မာကျောမှုရှိနေကာ ရှုံးအားကောင်းမွန်တဲ့ အသင်းတစ်သင်းဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းနဲ့ အဝေးကွင်းခြေအား ပျော့မှုတွေရှိတတ်ပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲ အဝေးကွင်း ၁၄ ပွဲ ကစားပြီးချိန်တွင် တစ်ပွဲသာ နိုင်ပွဲရထားသေးတဲ့ အသင်းဖြစ်ပါတယ်။ ဒါ့အပြင် စတုတ်အသင်းက နယူးကာဆယ်ရဲ့ အိမ်ကွင်းမှာ ပွဲပေါင်း ၃၀ သွားရောက်ကစားခဲ့ဖူးရာမှာ လေးပွဲသာနိုင်ပွဲရခဲ့ပြီး ပွဲ ၂၀ ရှုံးနိမ့်ခဲ့ရတယ်။

**လီဗာပူး Vs စပါး** ည ၁၀း၃၀ နာရီ(၁၀-၃-၁၃)

*ပထမအကျော့ရလဒ် (၂၉-၁၁-၂၀၁၂) စပါး ၂ - ၁ လီဗာပူး*

အသင်းကောင်းနှစ်သင်း ဆုံတွေ့တဲ့ပွဲမို့ အကြိတ်အနယ်ရှိပါလိမ့်မည်။ အထူးသဖြင့် လီဗာပူးဟာ ယူရိုပါလိဂ်က ထွက်ခဲ့ရပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဥရောပဝင်ခွင့်ရရှိရေးကိုသာ ပိုမိုအားစိုက်လာမယ့် အခြေအနေမှာရှိပါတယ်။ နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာလည်း ကစားပုံကောင်းမွန်နေတယ်။ ဆွာရက်ဇ်၊ စတာရစ်ချ်တို့ ဦးဆောင်တဲ့ တိုက်စစ်ကလည်း အိမ်ကွင်းပွဲတွေမှာ ဂိုးသွင်းခြေရနေတယ်။ ပထမအကျော့မှာ အရေးနိမ့်ခဲ့ရမှုကိုလည်း ချေပနိုင်ဖို့ ခြေကုန်ထုတ်လာမှာပါ။ စပါးကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အနိုင်ရရှိအောင် ကြိုးစားလာဖို့ရှိနေသလို လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုအပြည့်ရှိပါတယ်။ အထူးသဖြင့် ဘေးလ်ခြေစွမ်းပြနေလို့ စပါးတိုက်စစ်ထက်မြက်နေတယ်။ ဒါပေမယ့် စပါးက ဒီပွဲမကစားခင် သီတင်းပတ်တစ်ပတ်အတွင်းမှာ အာဆင်နယ်၊ အင်တာမီလန်တို့လို အသင်းကြီးတွေနဲ့ ဆက်တိုက်ရင်ဆိုင်ခဲ့ရလို့ ပွဲပန်းလာနိုင်တာကို သတိပြုရမယ်။ အကြိတ်အနယ် အားပြိုင်ကြရမယ့်ပွဲလည်းဖြစ်တယ်။



## အရိုးကျိုးဒဏ်ရာကြောင့် ကိုလိုစီနီ မေလအထိ အနားယူရမည်

နယူးကာဆယ်အသင်း ခေါင်းဆောင် ဖာဘရီစီယိုကိုလိုစီနီသည် ပြီးခဲ့သည့်လက နယူးကာဆယ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်တွင် အရိုးနှစ်ချောင်းကျိုးခဲ့ခြင်းကြောင့် လာမည့်မေလတိုင်အောင်အသင်းတွင် ပါဝင်ကစားနိုင်မည်မဟုတ်ဘဲ အနားယူရဦးမည်ဖြစ်ကြောင်း သိရသည်။

အသက် (၃၁)နှစ်အရွယ် နယူးကာဆယ် ဗဟိုခံစစ်မှူး ကိုလိုစီနီသည် ယင်းဒဏ်ရာပြဿနာမကြုံခင် ဇန်နဝါရီ အပြောင်းအရွှေ့အတွင်းက နယူးကာဆယ်အသင်းမှ ထွက်ခွာရန် တောင်းဆိုခဲ့ပြီး သီတင်းတစ်ပတ်အကြာခန့် ၎င်း၏ မွေးရပ်ဌာနေ အာဂျင်တီးနားမြေသို့ ပြန်သွားခဲ့သည်။

နယူးကာဆယ်အသင်း ခေါင်းဆောင် ကိုလိုစီနီသည် ၂၀၀၈ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၁၀ ဒသမ ၃ သန်းဖြင့် စပိန်လာလီဂါကလပ် ဒီပို့တီဗိုအသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်နှစ်က နယူးကာဆယ်အသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုခဲ့သည်။

ကိုလိုစီနီသည် အာဂျင်တီးနားနိုင်ငံ လက်ရွေးစင်အသင်းသို့ သွားရောက်ကစားစဉ် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်အတွက် အခက်ကြုံခဲ့ရသည်။

ထို့ကြောင့် ကိုလိုစီနီက လာမည့် အပြောင်းအရွှေ့ကာလတွင် ၎င်းအား အသင်းမှ ထွက်ခွာခွင့်ပြုရန်လည်း တောင်းဆိုထားခဲ့ကြောင်း သိရသည်။

## ဝှိုက်ဟတ်ဒ်လိန်းမှာ အင်တာကို သုံးဂိုးပြတ်ဖြင့် စပါးနိုင်

ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို မတ် ၈ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ပရီမီယာလိဂ်မှ ချယ်လ်ဆီးတို့ရှုံးပွဲကြုံပြီး နယူးကာဆယ်တို့ အရှုံး၊အနိုင်မပေါ် သရေပွဲဖြစ်ခဲ့သော်လည်း အိမ်ကွင်း ဝှိုက်ဟတ်ဒ်လိန်း၌ အီတလီစီးရီးအေကလပ်အင်တာမီလန်အသင်းကို ဧည့်ခံကစားခဲ့သည့် စပါးအသင်းမှာမူ အင်တာမီလန်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ယူပြခဲ့သည်။

စပါးအသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်နှင့်လွဲချော်ကာ ယူရိုပါလိဂ်နှင့် ကျေနပ်ခဲ့ရသော်လည်း အသင်း၌ အကောင်းဆုံးခြေစွမ်းများရရှိနေသည့် ဂါရတ်ဘေးလ်၊ ဆီဂတ်ဆန်၊ ဂျာမိန်းဒီဖိုးနှင့် ဗာတွန်ဂန်တို့၏ စွမ်းဆောင်ရည်များနှင့်အတူ ပရီမီယာလိဂ်တွင်သာမက ယူရိုပါလိဂ်တွင်လည်း လက်ရှိအနေအထားအရ အောင်မြင်မှု ရရှိနေသော အသင်းဖြစ်သည်။

စပါးအသင်းနှင့် အင်တာမီလန်အသင်းတို့၏ ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် စပါးအသင်း၏ဂိုးသွင်းဘုရင်ဟုဆိုလောက်သည့် ဝေးလ်တောင်ပံကစားသမား ဂါရတ်ဘေးလ်က ပွဲကစားချိန်ခြောက်မိနစ်မှာပင် စပါးအသင်းအတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့သည်။

ဂါရတ်ဘေးလ်သည် ယင်းဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ကိုးပွဲကစားရာတွင် ၁၁ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည့်အပြင် စပါးအသင်းအတွက် ၎င်း၏ဂိုးပေါင်း ၅၀ ပြည့်မြောက်သည့်သွင်းဂိုးလည်းဖြစ်သည်။

စပါးအသင်းအတွက် နောက်ထပ်သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၁၈ မိနစ်တွင် ဆီဂတ်ဆန်ကလည်းကောင်း၊ ၅၃ မိနစ်တွင် ဗာတွန်ဂန်ကလည်းကောင်း သွင်းယူပေးခဲ့ကြသဖြင့် ပွဲကစားချိန်မိနစ် ၉၀ ပြည့်ချိန်တွင် စပါးအသင်းက အင်တာမီလန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

### အခြားပွဲစဉ်ရလဒ်များ

| | | |
|---|---|---|
| အန်ဇီ | ၀-၀ | နယူးကာဆယ် |
| စတုအာ့ဘူခါရတ်ဇ် | ၁-၀ | ချယ်လ်ဆီး |
| စတုဂတ် | ၀-၂ | လာဇီယို |
| ပယ်ဇန် | ၀-၁ | ဖီနာဘာချီ |
| ဘေဆယ်လ် | ၂-၀ | ဇင်းနစ် |
| ဘင်ဖီကာ | ၁-၀ | ဘော်ဒိုး |
| လီဗန်တေး | ၀-၀ | ရူဘင်ကာဇင် |

နိုင်လင်းကြည်





**၆-၃-၂၀၁၃ရက်ထုတ်ကြေးမုံသတင်းစာပါ ဒေါ်သီရိစိုးလှိုင်[၁၂/ဥကမ(နိုင်)၁၇၂၅၁၃] (ဘ)ဦးစိုးမြင့် (မိ)ဒေါ်သန်းသန်းဦး(ခ)ဒေါ်သန်းသန်းတင်ဒွေးဟန်၊ အမှတ်(၅၂၄)၊ မေခါဝီလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၏ မမှန်မကန်ရှင်းလင်းခြင်းအပေါ် အများသိစေရန် အဖြစ်မှန်ကြေညာခြင်း**

ဒေါ်သီရိစိုးလှိုင်၏ ကြေညာချက်သည် လုံးဝမှန်ကန်မှုမရှိဘဲ ၎င်း၏ဗီဇအတိုင်း အမှန်တရားကို ဖုံးကွယ်လို၍ လိမ်ညာဖော်ပြနေခြင်းဖြစ်ပါသည်။ ၎င်းက တရားရုံးတွင်အမှုဆက်လက်ရင်ဆိုင်လိုခြင်းမပြုလိုတော့ပါဟူ၍ (၁၅-၁၀-၂၀၁၂)နှင့်(၂၅-၁၀-၂၀၁၂)ရက်တို့တွင် နှစ်ဖက်ညှိနှိုင်းရန် တောင်းဆိုခဲ့မှုကြောင့် ကျွန်ုပ်သည် အလုပ်တာဝန်များပြားသည့်ကြားမှ တွေ့ဆုံညှိနှိုင်းခွင့်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ သက်သေအခိုင်အမာရှိပါသည်။ ထို့အပြင် အမှုချိန်းနေ့များတွင် ၎င်း၏ရှေ့နေက ကျွန်ုပ်၏ရှေ့နေအား အရှေ့ပိုင်းခရိုင်တရားရုံးတရားခွင်အတွင်း၌ပင် ညှိနှိုင်းလိုက်ပါက နှစ်ဦးနှစ်ဖက်ကောင်းနိုင်ကြောင်းပြောဆို၍ ကမ်းလှမ်းခဲ့သည်များကိုလည်း လိုက်လျောညှိနှိုင်းပေးခဲ့ပါသည်။ ညှိနှိုင်းတိုင်းတွင် ၎င်းက မတော်လောဘဖြင့် တောင်းဆိုခဲ့ခြင်း၊ စကားအမျိုးမျိုးပြောဆိုခြင်းကြောင့် အဆင်မပြေဖြစ်ခဲ့ရခြင်းကို နှစ်ဖက်ရှေ့နေများအသိပင်ဖြစ်ပါသည်။ ၎င်း၏လက်ဗွေနှိပ် လက်မှတ်ထိုးဝန်ခံချက်များကို ၎င်းကိုယ်တိုင်သိရှိပြီး အဆိုပါမိုက်ရိုင်းစော်ကားသောအပြုအမူ၊ အပြောအဆိုလုပ်ရပ်များသည် ကျွန်ုပ်အတွက် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့် နာကျင်ခံစားခဲ့ရသော အမှန်တရားများဖြစ်ပါသည်။ မတရားသြဇာသုံးအနိုင်အထက်ပြုလိမ်လည်သည်ဟုပြောဆိုသောမိန်းမသည် လင်ယောကျ်ားအား ခံဝန်ပါအကြောင်းအရာအနည်းငယ်ဖြစ်သော ကျွန်ုပ်တစ်ဦးတည်းရှာဖွေသည့် သာမန်လက်ထပ်ပွားဖြစ်သော **ကား၊ ပစ္စည်းများကို မသိအောင် အစဖျောက်ရောင်းစားခြင်း၊ အိမ်ထောင်သည်အမျိုးသမီးဖြစ်ပါလျက် မည်သည့်နေရာမှန်း ရေရာစွာမသိ ညအိပ်ညနေသွားရောက်အိပ်စက်ခြင်း၊ ခင်ပွန်းသည်ရှိပါလျက် သူမ၏ရည်းစားဟောင်းဖြစ်သူနှင့်ဆက်သွယ်ခြင်းအထိပြုလုပ်ပြီး ၎င်းကပင် မကျေနပ်ရင်ကွာလိုက်ဟုပြောကာ တရားစခန်းဝင်နေချိန်ပါမကျန် ပြင်းထန်သောစိတ်ခံစားမှုဖြစ်စေရန် အကြိမ်ပေါင်းများစွာထိခိုက်စော်ကားပြောဆိုခြင်း၊ မိန်းမတန်မဲ့ အရိုးကွဲသည်အထိ သွေးထွက်သံယိုဖြစ်အောင် စရိုက်ကြမ်းတမ်းစွာဖြင့် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ အိမ်ထောင်ရေးထောင်ချောက်ဆင်ခြင်း စသည့်အချက်ပေါင်းများစွာကို ကျူးလွန်ရဲသောမိန်းမ** ဖြစ်စရာအကြောင်းမရှိနိုင်သည်မှာ သိသာထင်ရှားလှပါသည်။ ယခုအခါမှ ၎င်း၏အပြစ်များကို ဖုံးကွယ်နိုင်ရန်အတွက် ၎င်းက တရားမမှုကြီးအမှတ် ၇/၂၀၁၃ဖြင့် ပျက်ပြယ်စေရန်ရည်ရွယ်၍ တစ်ပြန်စီးလုပ်ကြံစွဲဆိုထားခြင်းဖြစ်ပါသည်။

၎င်း၏ခင်ပွန်းသည်ကိုလေးစားတန်ဖိုးထားရကောင်းမှန်းမသိ အလွန်နိမ့်ကျသည့်စိတ်ထားဆိုးများကြောင့် ၎င်း၏ဒဏ်ကို မည်သို့မျှသည်းခံနိုင်စွမ်းမရှိတော့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် စိတ်သဘောထားချင်း မည်သို့မျှမတိုက်ဆိုင်တော့သဖြင့် နှစ်ဦးသဘောတူကွာရှင်းရန်ညှိနှိုင်းကြရာ ၎င်းကကျူးလွန်ခဲ့မှုများ အတွက် နောက်ဆုံးအနေဖြင့် ဝန်ခံလက်မှတ်ရေးထိုးမည်ဖြစ်ပြီး ၎င်းအား စောင့်ကြည့်ရန်နှင့် မကျေနပ်မှုပေါ်ပေါက်ပါကကွာရှင်းကြမည်ဟု နှုတ်ကတိပြုပြီး ညှိနှိုင်းတောင်းဆိုလာသောကြောင့် နောက်ဆုံးညှာတာထောက်ထားစွာဖြင့် ခံဝန်ပြုလုပ်ခြင်းကို လက်ခံပေးခဲ့ပါသည်။ ခံဝန်ကို လူအများတွေ့မြင်သိရှိနိုင်သော (၈)မိုင် ရွှေဘဲစားသောက်ဆိုင်တွင်ပြုလုပ်ခဲ့ပြီး ၎င်းကိုယ်တိုင် သေချာဖတ်ရှုလက်ခံသဘောတူစွာဖြင့် ဆိုင်ရှိအများရှေ့မှောက်၌ဆောင်ရွက်ခဲ့ပါသည်။ လက်ဗွေ နှိပ်ရခြင်းမှာ ၎င်းသည် အိမ်ထောင်သက်တစ်လျှောက်လုံးဝန်ခံချက်များလက်မှတ်ထိုးပြီးတိုင်း ကတိမတည်၊ အမြဲလိမ်လည်ဖောက်ဖျက်၊ ဖျောက်ဖျက်တတ်သော ကြောင့် ထိုသို့ဆောင်ရွက်ရခြင်းဖြစ်ပြီး စောင့်ကြည့်ခဲ့သည့်နောက်ပိုင်းတွင်လည်း ၎င်း၏အကျင့်စရိုက်အတိုင်း ပြုမူမြဲအတိုင်းနေခဲ့ပါသည်။ သို့ဖြစ်၍ ကွာရှင်းရန် တရားစွဲဆိုခဲ့ရခြင်းဖြစ်ပါသည်။ အခြေအနေဆိုးများကြားတွင် စိတ်ဆင်းရဲ၊ စိတ်ပျက်ခြင်းကြီးစွာသည်းခံနေထိုင်ခဲ့ရသည်ကိုလည်းကောင်း၊ ၎င်း၏လူမဆန် သည့်အပြုအမူ၊ အနေအထိုင်တို့ကိုလည်းကောင်း၊ ယောကျ်ားတစ်ယောက်၏အရှက်၊ မာန၊ ဂုဏ်သိက္ခာတို့ကို အရိုအသေမဲ့စွာဖြင့် ကျေးဇူးကန်းရိုင်းစိုင်း စော်ကားထားမှုများကိုလည်းကောင်း အဆိုပါဝန်ခံချက်ကိုဖတ်ရှုခြင်းဖြင့် ကျွန်ုပ်အားကိုယ်ချင်းစာနိုင်မည်၊ ကျွန်ုပ်၏ခံစားချက်ကို သိရှိနိုင်မည်ဖြစ်ပြီး သက်သေ အထောက်အထားများခိုင်လုံသေချာစွာရှိသည်ကို ၎င်းကိုယ်တိုင်သိရှိပါသည်။ သို့သော်လည်း ၎င်းကပင် ထင်ယောင်ထင်မှားဖြစ်စေရန်ရည်ရွယ်ပြီး ကျွန်ုပ်အား မမှန်မကန်တိုင်ကြားခြင်းတို့ကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ဝန်ခံချက်ပါအကြောင်းအရာများသည် ၎င်းကျူးလွန်ဖောက်ဖျက်ခဲ့သည့်အချက် အချို့မျှ သာဖြစ်ပါသည်။ ၎င်း၏ဆိုးရွားသောဗီဇ၊ အကျင့်စရိုက်နှင့်အပြစ်ကျူးလွန်မှုများစသည့် သရုပ်သဏ္ဍာန်အမှန်များပါသည့်၊ ၎င်းကိုယ်တိုင်လက်မှတ်ရေးထိုး လက်ဗွေနှိပ်ထားသည့် ဝန်ခံချက်များကိုကြည့်ရှုလိုပါက ဖော်ပြနိုင်ပြီး ကျွန်ုပ်၏လက်ဝယ်တွင်ရှိကာ တရားရုံးတော်သို့လည်း သက်သေခံအဖြစ် ဦးတိုက်လျှောက် ထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်အနေဖြင့် အထက်အကြောင်းအရာပါဖြစ်ရပ်များကြောင့် ဒေါ်သီရိစိုးလှိုင်အား တရားဝင်ဇနီးမယားအဖြစ် အသိအမှတ်မပြု၊ မည်သို့မျှ လည်းမထိုက်တန်သည့်အတွက် မည်သည့်အကြောင်းနှင့်မျှဆက်လက်ပေါင်းသင်းမည်မဟုတ်ဟု ပြတ်သားစွာဆုံးဖြတ်ထားခြင်းဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် ကျွန်ုပ်၏ဇနီးအဖြစ်အသိအမှတ်မပြုသည့်မိန်းမဖြစ်ပါလျက် အရှက်သိက္ခာကင်းမဲ့စွာဖြင့် အချို့ကိစ္စရပ်များတွင် ကျွန်ုပ်၏အမည်အား အလွဲသုံးစားပြုပြောဆို အသုံးချနေကြောင်း ကြားသိရပါသည်။ ၎င်းအသုံးချပြောဆိုဆောင်ရွက်သော **လူမှုရေး၊ စီးပွားရေးအပါအဝင် မည်သည့်အရှုပ်အရှင်းကိစ္စရပ်ကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်လက်ခံပြုလုပ်သူနှင့်ဒေါ်သီရိစိုးလှိုင်တို့၏တာဝန်သာဖြစ်ကြောင်း** အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်)**

ဦးမျိုးမြင့်သောင်း [၁၄/ဘကလ(နိုင်)၀၀၆၃၅၇]





သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## အထက်မြန်မာပြည်သတင်း

# ရှေးဟောင်းမြန်မာ့အမွေအနှစ် ကျောက်ထီးကြီးများအား ထိန်းသိမ်းရန်လိုအပ်

**စစ်ကိုင်း မတ် ၈**

မြန်မာဆိုရိုးစကားတွင် 'ကျောက်ထီး တန္တု ပမာပြု' ဟူသော စကားရပ်ရှိပေသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းစေတီပုထိုး၊ ဘုရားကျောင်းကန်များတွင် ကျောက်ထီးကြီးများကို စိုက်ထူလှူဒါန်းထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ကျောက်ထီးကြီးများကို စစ်ကိုင်းမြို့နယ်ရှိ ဘုရားကျောင်းကန်များ၊ ချောင်းဦးမြို့နယ် အမြင့်၊ အနိမ့်၊ ခင်မွန်ဒေသ၊ မြောင်မြို့နယ် ပရိမ္မ၊ ကျောက်ရစ်ဒေသ၊ မုံရွာမြို့နယ် အလုံ၊ မုံရွေးဒေသ၊ ယင်းမာပင်မြို့နယ် ဖိုဝင်တောင်ဒေသ၊ ရေစကြိုမြို့နယ် မအူ၊ ပခန်းဒေသတို့တွင် အများဆုံးတွေ့ရှိရသည်။ ကျောက်ထီးကြီးများကို သဲကျောက်နုဖြင့် ထုဆစ်ပြုလုပ်ထားသည်ကိုတွေ့ရသည်။ **(ယာပုံ)** ကျောက်ထီး ထုဆစ်ပြုလုပ်သည့် သဲကျောက်နုများကို ရေစကြိုမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ သက်နုသဲတောင်များမှ တူးဖော်ထုတ်လုပ်ရရှိကြခြင်း ဖြစ်ကြောင်းသိရသည်။ ဘုရားကျောင်းကန်များတွင် ကျောက်ထီးကြီးများပြုလုပ်လှူဒါန်းခြင်းကို ပုဂံခေတ်ကာလမှ စတင်ခဲ့ခြင်းဖြစ်မည်ဟု ယူဆရပေသည်။ ကျောက်ထီးကြီးများကို စိုက်ထူရာတွင် အောက်ခြေမှ ဆင်ရုပ်တုများ ထုလုပ်ကာဆင်ရုပ်ခံ၍ စိုက်ထူလှူဒါန်းလေ့ရှိကြသည်ကို တွေ့ရသည်။ ဆင်ခံကျောက်ထီးများကို မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာ ရွှေပေါင်လောင်ဘုရားတွင် တွေ့ရှိရသည်။ ချောင်းဦးမြို့နယ် အမြင့်၊အနိမ့်ဒေသနှင့် ရေစကြိုမြို့နယ် မအူဒေသရှိ ရှေးဟောင်းဘုရားများတွင် ရှေးဟောင်းလက်ရာ ကျောက်ထီးကြီးများကို တွေ့ရှိရပေသည်။ အရိပ်အာဝါသများစွာ မရသော်လည်း ကျောက်ထီးကြီးများကို ဘုရားကျောင်းကန်များတွင် လှူဒါန်းထားကြသည်။ လှူဒါန်းခဲ့သည့် ရည်ရွယ်ချက်ကို မသိရှိသော်လည်း ရှေးခေတ်ကျောက်ဆစ်အနုလက်ရာများကို လေ့လာခွင့်ရရှိနိုင်ပေသည်။ နှစ်ပေါင်းများစွာ ကြာမြင့်လာသည်နှင့်အမျှ ဘုရားကျောင်းကန်များရှိ ရှေးဟောင်းကျောက်ထီးကြီးများမှာ တစ်စတစ်စယိုယွင်းပျက်စီးမှု၊ ရှားပါးမှု၊ ပျောက်ဆုံးမှုများဖြစ်ပေါ်နေလေပြီ။ သို့ဖြစ်၍ ရှေးဟောင်းစေတီပုထိုးများတည်ရှိရာ ဒေသမှ ပြည်သူများအနေဖြင့် တဖြည်းဖြည်း ရှားပါးပျောက်ကွယ်စပြုနေပြီဖြစ်သည့် ရှေးဟောင်းကျောက်ထီးကြီးများအား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ဝိုင်းဝန်းထိန်းသိမ်းနိုင်ကြပါရန် တင်ပြအသိပေးလိုက်ရသည်။



**(နန္ဒာမင်းလွင်)**

# စတုတ္ထမဏ္ဍိုင်ကိုအလေးမထား၊ ကုမ္ပဏီအကျိုးစီးပွားတစ်ခုသာကြည့်၍ စည်းကမ်းမဲ့မောင်းနှင်နေသည့် တန်ပိုမြေသယ်ယာဉ်ကြီးများ

**စစ်ကိုင်း မတ် ၈**

စစ်ကိုင်းမြို့ ပါရမီရပ်ကွက် မဟာစည်းခုံကြီးစေတီတော်၏ အရှေ့ဘက်လမ်းပေါ်မှ ကုမ္ပဏီတစ်ခုပိုင် တန်ပိုကျောက်သယ်၊ မြေသယ်ယာဉ် ၁၀ ဘီးကားကြီးများ နေ့ည ခေါက်ပြန်ဖြတ်သန်းမောင်းနှင်နေသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖောက်လုပ်ပြုပြင်ပေးထားသည့် အများပြည်သူပိုင်လမ်းများမှာ ပျက်စီးယိုယွင်းမှုများနှင့်ကြုံတွေ့ ရင်ဆိုင်နေရကြောင်း သိရသည်။ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်အတွင်းရှိ အများပြည်သူ အသုံးပြုနေသည့် စည်ပင်သာယာလမ်းပိုင်းပေါ်တွင် တန်ပိုမြေသယ်ယာဉ်ကြီးများ နေ့စဉ် နေ့ရောညပါ ဖြတ်သန်းမောင်းနှင်နေမှုကြောင့် လမ်းပိုင်းများ ဝန်အားမခံနိုင်သဖြင့် ပျက်စီးရခြင်း၊ ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း၊ ကားများဖြတ်သန်းမောင်းနှင်မှုကြောင့် ဖုန်လုံးကြီးများထကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ခြင်း၊ မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ရပ်ကွက်ပြည်သူများ နေ့စဉ်စိတ်အနှောင့်အယှက် ဖြစ်နေကြရကြောင်း သိရသည်။

"ရပ်ကွက်နေပြည်သူများ အသုံးပြုနေကြရတဲ့ စည်ပင်လမ်းပေါ်ကနေ တန်ပိုမြေသယ်ယာဉ်ကြီးတွေ နေ့စဉ်ဖြတ်သန်း မောင်းနှင်နေတဲ့ကိစ္စကို သတင်းစာတွေထဲမှာ ခဏခဏပါတယ်။ ကားကြီးတွေကတော့ ဂရုမစိုက်ဘဲ နေ့တိုင်းဖြတ်မောင်းနေတာပဲ။ ဒီကိစ္စအပေါ် သက်ဆိုင်ရာတွေအနေနဲ့ ထိန်းသိမ်းပေးတာ၊ ဖြေရှင်းပေးတာမျိုး မတွေ့ရဘူး။ ကားကြီးတွေက ပြည်သူအခြေပြု စတုတ္ထမဏ္ဍိုင်ကိုမှ ဂရုမစိုက်ဘဲ အတင့်ရဲရဲနဲ့ စိတ်တိုင်းကျမောင်းနှင်နေတာကြည့်ပြီး စည်ပင်နှင့်ညှိပြီး မောင်းနေတယ်လို့ ယူဆနေကြတယ်။ ဒီလမ်းကစည်ပင်ကတာဝန်ယူဖောက်လုပ် ပြုပြင်တာဆိုပေမယ့် အများပြည်သူ ဘဏ္ဍာငွေတွေနဲ့ လုပ်ထားတာဖြစ်တဲ့အတွက် လူတစ်ဦးတစ်ယောက်၊ ကုမ္ပဏီတစ်ခု အကျိုးစီးပွားအတွက် အများပြည်သူ အသုံးပြုနေတဲ့လမ်းတွေ ပျက်စီးတာ လုံးဝမဖြစ်သင့်ဘူး။ အခုဆိုရင် တန်ပိုမြေသယ်ယာဉ်ကြီးတွေမှာ ဘုရားတည်ဆောက်ရေးစာတန်းရေးပြီး၊ ဘာသာရေးအကြောင်းပြပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဖြတ်မောင်းနေတာ၊ စစ်ကိုင်းမြို့အကျိုး၊ စစ်ကိုင်းတိုင်းဒေသကြီးအကျိုးအတွက် လုပ်နေတာမဟုတ်ဘူး။ ဘယ်သူ့အကျိုးစီးပွားအတွက် လုပ်နေတယ်ဆိုတာကို စစ်ကိုင်းမြို့ တစ်မြို့လုံးက သိနေကြတယ်။ ပြည်သူ့ဆန္ဒကို အလေးထားတယ်ဆိုရင် အများပြည်သူသုံး၊ စည်ပင်လမ်းပေါ်ကနေ တန်ပိုယာဉ်ကြီးတွေ စည်းကမ်းမဲ့ဖြတ်မောင်းနေတဲ့ကိစ္စကို အရေးယူပေးစေချင်တယ်" ဟု ပါရမီရပ်ကွက်နေထိုင်သူ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ တန်ပိုယာဉ်ကြီးများမှာ စစ်ကိုင်းတောင်၊ မင်းဝံတောင်ရိုးမှ ကျောက်မြေများကို တူးဖော်ရယူကာ စစ်ကိုင်းတိုင်းဘောလုံးကွင်း၏ တောင်ဘက်လမ်းမှ ပါရမီရပ်ကွက်၊ မဟာစည်းခုံကြီးဘုရား၏ အရှေ့ဘက်လမ်းမအတိုင်း ဖြတ်သန်းမောင်းနှင်ကာ နေ့စဉ် အခေါက်ခေါက်အခါခါ မြေများ၊ ကျောက်များကို သယ်ယူနေခြင်းဖြစ်ကြောင်းသိရသည်။ **(၃၂၃)**

# လုပ်ငန်းလိုင်စင်မရှိဘဲ ပြေးဆွဲနေသည့်ယာဉ်များ ပခုက္ကူမြို့နယ်အတွင်း ရှောင်တခင်စစ်ဆေး

**ပခုက္ကူ မတ် ၈**

မကွေးတိုင်းဒေသကြီး ဧရာဝတီအနောက်ဘက်ကမ်းမြို့တော် ပခုက္ကူမြို့နယ်တွင် အနယ်နယ်အရပ်ရပ်မှ ဝင်/ထွက်သွားလာနေသော မော်တော်ယာဉ်များ၊ ထော်လာဂျီယာဉ်များနှင့် သုံးဘီးဆိုင်ကယ်ယာဉ်များအား ပခုက္ကူခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရှောင်တခင်စစ်ဆေးလျက်ရှိရာ မတ် ၃ ရက်က ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက် မြကန်သာလမ်းနှင့် ဗိုလ်ချုပ်လမ်းနေရာများ၌ ယာဉ်ရပ်တန့်ကာ ယာဉ်လိုင်စင် ရှိ/မရှိ၊ ယာဉ်မောင်းလိုင်စင် ရှိ/မရှိ၊ လုပ်ငန်းလိုင်စင် ရှိ/ မရှိ စစ်ဆေးခဲ့သည်။**(ယာပုံ)**



ပခုက္ကူမြို့သည် ဧရာဝတီတံတား(ပခုက္ကူ)ဖွင့်လှစ်ပြီးကတည်းက အနယ်နယ်အရပ်ရပ်မှ ယာဉ်များနေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော်လည်း အချို့ယာဉ်များမှာ လုပ်ငန်းလိုင်စင်မရှိ၊ ယာဉ်မောင်းလိုင်စဉ်မရှိကြောင်း သိရသည်။ ပခုက္ကူမြို့နယ်တွင် ၂၀၁၂ ခုနှစ်က မော်တော်ယာဉ်တိုက်မှု ဖြစ်ပွားမှုများပေါ်ပေါက်ခဲ့သည်။ ယာဉ်တိုက်မှုကြောင့် သေဆုံးသူအမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၄၈ ဦး သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူအမျိုးသား ၂၄၀၊ အမျိုးသမီး ၇၅ ဦး စုစုပေါင်း ၃၁၅ ဦးရှိခဲ့သည်။ ထို့အတွက် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၇၃ သိန်းခန့်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့ကြောင့် ပြည်သူများယာဉ်တိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်ပညာပေးစာစောင်များကိုလည်း ဖြန့်ဝေခဲ့ပြီး အသံချဲ့စက်ဖြင့် ယာဉ်မောင်းသူများလိုက်နာရန် စည်းကမ်းချက်များကိုပါ သက်ဆိုင်ရာက နေ့/ည မပြတ်လှုံ့ဆော်လျက်ရှိကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

# အိပ်ဖိုက်ဖိုက် ဖရဲစိုက်တောင်သူများ တွက်ခြေကိုက်

**စစ်ကိုင်း မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာရှိ တောင်သူများသည် "အိပ်ဖိုက်ဖိုက်"ဖရဲသီးများ စိုက်ပျိုးပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ "ဒီဖရဲသီးက မြေနုကျွန်းတွေမှာ စိုက်ပျိုးရတာပါ။ ဖရဲတွေမှာ ကုန်းဖရဲ၊ ကျွန်းဖရဲဆိုပြီးလည်း ခေါ်ဆိုကြပါတယ်။ ကျွန်တော်ဆိုရင် ဒီဖရဲအမျိုးအစားကို စိုက်ပျိုးလိုက်တာ ကုန်ကျစရိတ်အနေနဲ့ တစ်ဧကကိုငွေကျပ်တစ်သိန်းကျော်ကျော်လောက်ပဲကုန်ပါတယ်။ တစ်ဧကအခင်းပြတ် ရောင်းချလိုက်တာ ငွေကျပ် ၁၇ သိန်း ရတယ်ဗျာ။ ဒီဖရဲသီးသက်တမ်းက သုံးလရှိပါတယ်။ တစ်ဧကကို အပင်ပေါင်း ၉၅၀ မှ ၁၀၀၀ ထိ ဝင်အောင်စိုက်ပျိုးကြတယ်။ တစ်ဧကဖရဲသီးထွက်နှုန်းက အလုံး ၁၉၀၀ မှ ၂၀၀၀ထိ ထွက်ပါတယ်။ တစ်လုံးကိုငွေကျပ် ၈၀၀ နဲ့ ၁၀၀၀ ကြားမှာရောင်းရတယ်။ ကျွန်တော်တို့ရွာမှာက ဒီဖရဲသီးတင်မကပါဘူး။ ထိုင်ဝမ်သကြားပြောင်း၊ ထောပတ်ပြောင်းဖူးများလည်း စိုက်ပျိုးကြတယ်။ ပြောင်းဖူးတွေလည်း အဆင်ပြေကြပါတယ်။ ရွာများထိလာပြီး ကားကြီး၊ ကားငယ်များနဲ့ နေ့စဉ်နဲ့အမျှ ဝယ်ယူနေကြတယ်၊ လာမည့်နှစ်တွေမှာလည်း ကျွန်တော်တို့တောင်သူများအနေနဲ့ တွက်ခြေကိုက်မယ်ထင်တဲ့ သီးနှံတွေကို ရွေးပြီးစိုက်ပျိုးသွားမှာပါ။ ဒီနှစ်မှာတော့ တော်တော်လေးအဆင်ပြေကြပါတယ်"ဟု ဆင်တပ်ကျေးရွာတောင်သူ ဦးချစ်ဆွေ၏ ပြောကြားချက်အရ သိရသည်။ **(ဇော်မြင့်နိုင်)**

# တစ်ပိုင်တစ်နိုင်ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေးဆောင်ရွက်လျက်ရှိ

**ကလေး မတ် ၈**

ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်မီးရရှိမှုသည် အရေးပါလှသည်ဖြစ်ရာ ကြာအင်းကျေးရွာပြည်သူများအနေဖြင့် လျှပ်စစ်မီးရရှိရေးကို ကျေးရွာမှ သုံးမိုင်ခန့်အကွာ ဝေဘူလနယ်မြေ စည်းရင်းကြိုးဝိုင်းမှ စီးဆင်းလာသော လုံးထာပါရ်ချောင်းတွင် ရေအားလျှပ်စစ်တာဘိုင်ကို ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ စီမံကိန်းချဆောင်ရွက်ခဲ့ကြပြီး ဖြစ်နိုင်ခြေအဆင့်ဆင့်ကို ပညာရှင်များ၊ အင်ဂျင်နီယာများဖြင့် တိုင်းပင်ကာ ၂၀၁၁ ခုနှစ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ရေအားလျှပ်စစ် စီမံကိန်းသည် ရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး ရေလှောင်ကန်သည် ၂၀၁၃ ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်သည်။ ယခုအချိန်ထိ စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၇၀ နီးပါးဖြစ်ကာ ကျေးရွာသို့လျှပ်စစ်မီး အရောက်ဆိုပါက ငွေကျပ်သိန်း ၁၂၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ကျေးရွာတာဝန်ခံ ဦးကပ်လွယ်က ရှင်းပြသည်။

အဆိုပါ ရေအားလျှပ်စစ်မှ ၁၂၀ ကီလိုဝပ်ထွက်ရှိမည်ဖြစ်ပြီး ကြာအင်းကျေးရွာတွင် အိမ်ခြေ ၅၃၀၊ လူဦးရေ ၃၂၀၀ကို လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်မည်ဖြစ်ပြီး အနီးကျေးရွာများသို့ပါ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။ ကြာအင်းကျေးရွာအနေဖြင့် မဝေးတော့သော အနာဂတ်တွင် ကလေးမြို့နယ်၌ ပထမဆုံး ၂၄ နာရီ လျှပ်စစ်မီးရရှိသော ကြာအင်းကျေးရွာဖြစ်လာတော့မည် ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

# မန္တလေးတွင် ပထမဆုံးအကြိမ် အသည်းရောဂါဝေဒနာရှင်များအား အိန္ဒိယနိုင်ငံမှ အသည်းဆရာဝန်များဖြင့်ကုသ

**မန္တလေး မတ် ၈**

မန္တလေးမြို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်း၏ ကုသိုလ်ဖြစ်ဆေးပေးခန်းတွင် အိန္ဒိယနိုင်ငံ ချင်းနိုင်နှင့် မွမ်ဘိုင်းတို့မှ အသည်းနှင့်အစာအိမ်လမ်းကြောင်း အစားထိုးကုသမှုဆိုင်ရာ အတိုင်ပင်ခံဆရာဝန်ကြီး Dr. Mettu Scinivas Reddy Ms, DNB, FRCS, Ph.D (uk) နှင့် P.THOMAS CHELAN MBBS, FRCS Glass (G Surg) FRCS တို့သည် မန္တလေးမြို့နှင့် ဒေသအသီးသီးမှ အသည်းရောဂါ ဝေဒနာရှင် ၇၈ ဦးအား ပထမဦးဆုံးအကြိမ် အသည်းရောဂါ အခမဲ့စစ်ဆေးပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ အသည်းဝေဒနာရှင်များအား ရောဂါစစ်ဆေးပေးရုံမျှမက ရောဂါအတွက် သောက်သုံးသင့်သော ဓာတ်စာများ၊ ဆေးဝါးများကို လမ်းညွှန်ပေးခဲ့ကြောင်း၊ အခြေအနေဆိုးရွားပြီး အသည်းအစားထိုးရမည့်လူနာများအား အိန္ဒိယနိုင်ငံ ဂလိုဘယ်လ်ဆေးရုံကြီးသို့ သွားရောက်ကုသနိုင်ရန် လမ်းညွှန်သွားမည်ဖြစ်ကြောင်း သိရသည်။ အသည်းရောဂါဝေဒနာရှင်များအား အခမဲ့စစ်ဆေးပေးရာတွင် ဆေးကုမ္ပဏီများဖြစ်သည့် ZAR & ZAR Co.,Ltd. နှင့် Dr. Reddy's တို့က အသည်းရောဂါ လူနာများအား ရောဂါနှင့် ပတ်သက်သည့်ဆေးဝါးများကို အခမဲ့ကူညီပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**


**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ယ/၅၇၂၈၅၊ အမျိုးအမည် Honda C90 Custom၊ အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးတိုးနိုင်၊ မှတ်ပုံတင်အမှတ် ၉/ မခန(နိုင်)၁၀၁၈၇၆မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၈ခ/၉၆၈၂၊ အမျိုးအမည် Shan Super MMT 001၊ အမျိုးအစား Jeep (4x2)L ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်နန်းဖန်၊ မှတ်ပုံတင်အမှတ် ၁၃/လရန (နိုင်)၀၃၃၆၃၈မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၈ယ/၃၉၀၈၈၊ Zong Shen 125 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ဂျူးလီမောင်မောင်၊ မှတ်ပုံတင်အမှတ် ၉/အမဇ(နိုင်)၀၃၆၆၉၈မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၅ယ/၂၉၂၄၆၊ Luojia 110,M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးမင်းသန့်ဇင်၊ မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၀၀၆၁၂မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

# ရွှေတောင်မြို့ ရွှေနတ်တောင်စေတီတော်မြတ်ကြီး (၁၇၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပမည်

**ရွှေတောင် မတ် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ရွှေဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး **(ယာပုံ)** (၁၇၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ (မတ် ၁၉ ရက်မှ ၂၆ ရက်အထိ) ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်အတွင်း အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ရှုတိုင်းယဉ်အငြိမ့်သဘင်နှင့် ရုပ်ရှင်ဗီဒီယို အခမဲ့ဖျော်ဖြေခြင်း၊ အောင်စန်းပွင့် ဇာတ်ပွဲကြီးများ၊ ညအိပ်ညနေ ရပ်ဝေးမှ နွားလှည်းယာဉ်များဖြင့် လာရောက်ပြီး ဘုရားဖူးလာပြည်သူများအား ဆိုင်း၊အငြိမ့်ဖြင့် ညလုံးပေါက် ဗလာဖျော်ဖြေခြင်း၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲများနှင့် ထူးဆန်းထွေလာ ကလေးများအကြိုက်ပြပွဲများ၊ မျက်လှည့်ပြပွဲများဖြင့် စုံလင်စွာဖျော်ဖြေသွားမည်ဖြစ်သည်။

၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့ နံနက် ၇ နာရီတွင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သည့် မြို့နယ်လုံးဆိုင်ရာ (၇) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ရွှေနတ်တောင်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ အလှူရှင်များအနေဖြင့် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။



(၁၄၃)

# ကျေးရွာအချို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား

**ရေတာရှည် မတ် ၈**

ဆောင်းအကုန် နွေအကူးရာသီကူးပြောင်းချိန်တွင် ဖြစ်ပွားလေ့ရှိသော ဝမ်းပျက်ဝမ်းလျှောသည့်ရောဂါများ ရေတာရှည်မြို့နယ် ကွဲရိုင်းပြင်ကျေးရွာအုပ်စု ငါးဘက်အင်းနှင့် ကျေးရွာအချို့တွင် ယခုရက်ပိုင်း၌ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားသည်ကိုသိသိခြင်း ရေတာရှည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာများအရောက် ကွင်းဆင်း၍ လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် သောက်သုံးရေတွင်းများအားဆေးခတ်ခြင်း၊ ရေကိုကျိုချက်သောက်သုံးစေခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"သာမန် ဝမ်းပျက်ဝမ်းလျှောရောဂါပဲဖြစ်တာပါ၊ ဒီထက်ပိုဆိုးမလာအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်၊ အသေအပျောက်ရှိတယ်လို့တော့ မကြားမိသေးပါဘူး" ဟု မြို့နယ် ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာမြတ်သူဝင်းက ရှင်းပြသည်။

**ကိုလွင်(ဆွာ)**

# ပဲတီစိမ်းပင်များ အောင်မြင်ဖြစ်ထွန်း

**ဒိုက်ဦး မတ် ၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်သည် ဆောင်းသီးနှံအမျိုးမျိုး စိုက်ပျိုးသော မြို့နယ်ဖြစ်သည်။ ယခုအခါ ရဲနွယ်ချောင်း ဆည်ရေနှင့် မရမ်းချောင်းဆည်ရေ များရရှိသဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးကြသည်။

အထူးသဖြင့် ပဲတီစိမ်း၊ မတ်ပဲ၊ ပြောင်း၊ ဖရဲ၊ ခရမ်းချဉ်ပင် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း တွေ့ရသည်။ ကျွန်းကုန်းရွာတောင်သူကြီး ဦးကျော်မြင့်၏ ပဲတီစိမ်းစိုက်ခင်း**(အပေါ်ပုံ)**မှာ အထူးအောင်မြင်နေသည်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် တွေ့ရှိခဲ့ရသည်။



**ဆရာခ(ဒိုက်ဦး)**

# မြက်ရှင်းရာမှ ထန်းပင်များပါမီးလောင်

**ကျောက်တန်း မတ် ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နှင့် ကဒပွန ကျေးရွာအကြား ကတ္တရာလမ်းမကြီး၏ လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းရေးပြုလုပ်ရာတွင် မြက်ခြောက်များကို ပေါက်တူး၊ ပေါက်ပြားတို့ဖြင့် မရှင်းလင်းဘဲ မီးရှို့လိုက်ခြင်းကြောင့် ထန်းပင်ပေါက်များစွာ မီးလောင်ကျွမ်းခဲ့ရသည်။ ရွာသူရွာသားများအနေဖြင့် ယခုလိုအပင်အရွယ်အစားရောက်အောင် (၁၀)နှစ်ခန့် စောင့်ခဲ့ရသည့်မို့ နှမြောမိကြောင်းနှင့် ယခုလိုအဖြစ်မျိုး နောက်နောင်မပြုမူမိရန် သက်ဆိုင်ရာ တာဝန်ရှိသူများက သတိပေးတားမြစ်စေလိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။



(၆၈၉)


ရွှေဥ ရာစုသစ် ၏ မေတ္တာကုသိုလ် ကံစမ်းမဲ

အလျော့တွက် 30% လျှော့၍ မြန်မာ့ရိုးရာသကြံန်အကြို စိန်ထည်၊ရွှေထည် များရောင်းချနေပါသည်။

ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်မှ စိန်ထည်၊ ရွှေထည်၊ ကျောက်မျက်ရတနာများကို ဝယ်ယူအားပေးသောသူများအား

ကျေးဇူးတုံ့ပြန်သောအားဖြင့် **ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်** ဆုမဲ(၅)ဆု အပါအဝင်

အဖိုးတန် ဆုမဲများစွာ တို့အား မေတ္တာလက်ဆောင် ပြန်လည်ချီးမြှင့်ပါမည်။

အလျော့တွက် လုံးဝမပါသော **ဒုံးထည်** များအား ငွေစုနိုင်ရန် ရောင်းချပေးနေပါသည်။

ရတနာသည် သင့်အတွက် ထာဝရ

ရတနာစုလိုက **ရွှေဥရာစုသစ်** သို့ကြွခဲ့ပါနော်

အမှတ်(၆၁၈)၊ မဟာဗန္ဓုလလမ်း၊(၂၃လမ်း နှင့် ဗိုလ်ချုပ်လမ်းကြား)၊ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၇၀၄၇၁၇၊ ၇၀၃၄၅၂

နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ Bachelor Degree ရယူလိုသူများအတွက်

MIC
Myanmar Imperial College

- Diploma in Business (HND)
- Diploma in Media Arts (HND)
- BA(Hons:)Business Administration
- MBA Master of Business Administration

edexcel
Approved Centre No. 93679

March Intake

အမှတ်(၆၂)(C) အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 0973210001/ 73153699/ 537562

အိုင်းရိုင်း
သမ္မတကြီးထံသို့ပေးစာများ
(ကလောင်စုံစာအုပ် ထွက်ရှိနေပါပြီ)
အမှတ်(၂) မကြာမီထွက်ရှိပါမည်။
သင်ကိုယ်တိုင် သမ္မတကြီးထံ တိုက်ရိုက်ပေးစာတစ်စောင် ရေးသားပေးပို့လိုပါသလား???
မည်သူမဆို ဒုတိယစာအုပ်အတွက် စာမူများကို လွတ်လပ်စွာရေးသားပေးပို့နိုင်ပါပြီ။
**ပန်းမျိုးတစ်ရာစာပေ** တိုက်(၉)၊ အခန်း(၂၀၃)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၀၂၃၇၂၊ ၀၉ ၄၃၁၂၇၃၇၆

သိုးဆည်းဆာ
အဖေ

အထူးသက်သာသည့်ဈေးနှုန်းဖြင့်မြေနှစ်ကွက်တွဲ ရောင်းမည်

ရိုပ်သာလုပ်ရန်၊ သီလရှင်ကျောင်းဆောက်ရန်၊ ဘော်ဒါဆောင်ဖွင့်ရန်၊ ပုဂ္ဂလိကကျောင်းဖွင့်ရန် သင့်တော်သည့် သန်လျင်-ကျောက်တန်း၊ အလတ်ရွာမှ မြေနှစ်ကွက်တွဲရောင်းမည်။

ရောင်းဈေး (၁၉၅)သိန်း။ **ဖုန်း-၀၉-၇၃၂၁၈၃၈**

AKAI Video & Photo Services



Office -
အမှတ် (၈)၊လသာလမ်း၊(အောက်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Photo Studio -
အမှတ် (ဒီ ၉ )၊ မင်္ဂလာလမ်း ၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့ ။
Ph - 09 42 1162666 , 09 86 18988, 09 86 16669
01 710491, 01 86 03595 ,

## အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

ဩော် . . . ပါးခွက်လေးနှစ်ခုကလည်း ရှိနေသေးသည်။

ဘုရား . . . ဘုရား . . . ဦးမြင့်နွယ်က ရင်တွင်းမှ ရေရွတ်သည်။ သားစဉ်တစ်ဆက် ပြည့်လုနီးမှ ပြန်ကြုံရပါပြီ။

သည်အသွင်၊ သည်အလှ၊ သည်အရွယ်၊ မဟုတ်ပါမကပါ၊ သည်ရုပ်ရည်မျိုး။

ဦးမြင့်နွယ်၏ ရင်သည် သိမ့်သိမ့်ခါအောင် လှုပ်ရှားသွားသည်။

ရင်လှုပ်ရှားသကဲ့သို့ မျက်နှာမလှုပ်ရှားအောင် သတိထားထိန်းချုပ်ပြီး ဦးမြင့်နွယ်က မေးသည်။

"မွန်မွန်တို့က မန္တလေးကပဲနော်"

"ဟုတ်ပါတယ်၊ မွန်မွန်တို့အိမ်က နယူးစီဗယ်လိုင်းထဲမှာ၊ ထွန်းလှဟိုတယ်နားတင်ပါ၊ ဩော် . . . ဆရာဂေါက်ရိုက်သလား"

"ရိုက်ပါတယ် မွန်မွန်"

"မွန်မွန့်ဖေဖေလည်း ရိုက်တယ်၊ ဦးနေအောင်တဲ့၊ ဆရာများသိမလား မသိဘူး"

"မသိသေးဘူး မွန်မွန်၊ ဆရာက ဒီရောက်တာ မကြာသေးတော့ ဂေါက်ကွင်းက လူစုံအောင် မသိသေးဘူး "

"မွန်မွန့်မေမေကတော့ ဒေါ်ဖြူဖြူသန့်တဲ့၊ ဟိုဒင်းအရာရှိထဲကတော့ မဟုတ်ပါဘူး၊ ကုန်သည်ဆိုပါတော့ဆရာ"

ဦးမြင့်နွယ်၏ ရင်တွင်းမှ အလုံးကြီး ကျသွားသည်။ ဖြူဖြူသန့် . . . သည်နာမည်မျိုးကို သူမကြားဖူး။

မွန်မွန်က ရယ်လိုက်၏။

"အမှန်က မွန်မွန့်မှာ အမေနှစ်ယောက်တောင် ရှိတယ်၊ ဟောဒီ ဒေါ်နော်မြသွေးကလည်း မွန်မွန့် အမေ၊ မွန်မွန့်ကျေးဇူးရှင်ပေါ့၊ မမမြ မရှိရင်လေ ဒီလောကကြီးမှာ မွန်မွန် ဘာမှလုပ်တတ်မှာ မဟုတ်ဘူး"

မွန်မွန်က ဘေးတွင် စကားတစ်လုံးမျှ မပြောဘဲ ငြိမ်ငြိမ်ထိုင်နေသော အမျိုးသမီးကို မေးလေးဖြင့် ညွှန်ပြပြီး မိတ်ဆက်ပေး၏။

နော်မြသွေးက ရှက်ဟန်ဖြင့် ပြုံးသည်။ ကရင်သွေး ပါသည့် ရိုးသားကြင်နာတတ်သူ အမျိုးသမီးတစ်ဦးဟု ဦးမြင့်နွယ်က စိတ်တွင်းမှ မှတ်ချက်ချသည်။

မွန်မွန်က ခါးလေးကို ဆန့်လိုက်ပြီး ဆို၏။

"ဆရာ နားနေတာကို မွန်မွန် လာနှောင့်ယှက်သလို ဖြစ်နေပြီ၊ မွန်မွန် ပြန်ပါဦးမယ်"

မွန်မွန်က အားယူပြီး နေရာမှထ၏။ နော်မြသွေးကလည်းထပြီး မွန်မွန့်အနီးတွင် ရပ်လာ၏။

"နှောင့်ယှက်ရာမကျပါဘူး၊ မွန်မွန်နဲ့ ခင်မင်ရတာကို ဆရာ ဝမ်းသာပါတယ်၊ နောင်လည်း လာလည်ပေါ့ မွန်မွန်၊ လိုတာရှိရင်လည်း ဆရာ့ကို အကူအညီတောင်းပါ"

"တကယ်လား ဆရာ၊ မွန်မွန်က နောက်ကျရင် တကယ်တောင်းမှာနော်"

"တကယ်တောင်းပါစေလို့ ဆရာ မျှော်လင့်နေပါ့မယ်"

နော်မြသွေး၏ အကူအညီဖြင့် မွန်မွန်သည် ကားရှိရာသို့ ဆင်းသည်။

ဦးမြင့်နွယ်လည်း လိုက်ဆင်းပြီး ဒရိုင်ဘာထက်ဦးအောင် နောက်ခန်းတံခါးကို ဖွင့်ပေးမိ၏။

"သန့်ခ်ယူ . . . ဆရာ"

နော်မြသွေးက မွန်မွန့်ကို နေရာချထားပေးပြီး ကားနောက်မှပတ်ကာ တစ်ဖက်ဘေးမှ ဝင်ထိုင်၏။

"သွားတော့နော် မွန်မွန်"

"သွားပြီ ဆရာ၊ ဩော် . . . မွန်မွန်တို့အိမ်လည်း လာလည်နော်"

"ကောင်းပါပြီ မွန်မွန်"

လက်ကလေးပြ နှုတ်ဆက်ပြီး ကားသယ်ဆောင်ရာ ပါသွားသော မွန်မွန့်ကို အိမ်ဝမှရပ်ပြီး ဦးမြင့်နွယ်သည် မျက်စိတစ်ဆုံး ကြည့်နေမိ၏။

အတန်ကြာမှ လေးပင်သော ခြေလှမ်းဖြင့် အိမ်ပေါ်သို့ ပြန်တက်လာခဲ့မိသည်။

ခုတင်ပေါ်တွင် လှဲပြီး နဖူးပေါ်လက်တင်၍ စဉ်းစားမိ၏။

သည်အသွင်၊ သည်အလှ၊ သည်အရွယ်၊ သည်ရုပ်ရည်မျိုး။

သည်လိုပင် ငွေငန်းဖြူ လည်တိုင်မျိုးနှင့်။ ဩော်. . . သည်လိုပင် ပါးခွက်ကလေးတွေနှင့်။ ရေးရေးယောင်ယောင်မဟုတ်၊ နက်နက်ရှိုင်းရှိုင်း၊ ပီပီသသ ပါးခွက်လေးနှစ်ဖက်နှင့်။

လန်းလန်းလတ်လတ်၊ သန့်သန့်စင်စင်မို့ မြင်ရသူတိုင်းရင်မှာ အေးပါဘိတော့သည်။

ရင်မှာ အေးလို့ပဲ သီတာလွှင်ဟု ကိုယ်က နာမည်လေး ရွေးပေးခဲ့ရသည်။

သည်တုန်းကတော့ . . . ။

"ပုရေနိသင်၊ ဆက်တိုင်းကြင်သား၊ အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင်၊ ထုံးစတွင် . . "

ဟုတ်သည်။ ငယ်ကျွမ်းချစ်နှင့် ထပ်ရစ်လက်သင်၊ ထုံးစတွင်။

ထုံးစတွင် . . .

ညနေမှာ လေချိုသွေးနေသည်။

ဆောင်းသည် နွေဘက်ယိုင်လာပြီမို့ အအေးက ပေါ့သည်။

ပင်အိုပင်ပျိုတို့ထက် ရွက်ဝါတွေကို မြင်စပြုပြီ။

ဩော် . . . တစ်ချီတစ်ချီတွင် ဥသြပင် တေးစ၍ဆိုနေပေပြီတကား။

မြင့်နွယ်က သစ်ဖြင့် ဆောက်ထားသော ဂေါက်ကလပ် အဆောက်အအုံတွင်းသို့ ဝင်လိုက်၏။

ဘားကောင်တာတွင် စာရင်းမှတ်နေရာမှ မိုနားက မော့ကြည့်ပြီး ဆို၏။

"မင်းနောက်လှချည်လား မြင့်နွယ်၊ ရောင်းဒ်ထွက်ကြတာ လူကုန်ပြီ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ဒီနေ့ ကက်ဒီလုပ်ဖို့ လာတာ မဟုတ်ဘူး"

အိန္ဒိယသွေးနှောသော မိုနားက သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်၏။

"အံမယ် . . . မင်း ဒီနေ့ တယ်ရှိုးကောင်းပါလား၊ ဇာတ်လိုက်ပဲပေါ့၊ လက်ထဲက ဘာစာအုပ်လဲ"

"ကဗျာစာအုပ်ပါ"

"ကန်စောင်းမှာ ကဗျာစပ်မလို့ပေါ့၊ ဒါပေမယ့် ဒီနေ့ မင်းမထမ်းတာ နာတာပဲ၊ အနည်းဆုံး သုံးကျပ်လောက် နာတယ်"

"ဘာပြုလို့"

"ရန်ကုန်က ကိုယုကြိုင် လာရိုက်တယ်၊ မင်းလာမလားလို့ သူစောင့်နေသေးတယ်"

"ဟုတ်လား . . . အေးဗျာ ဆောရီးပဲ"

"ကိုယုကြိုင်က ဟိုတယ်သူဌေးမဟုတ်လား၊ ပိုက်ဆံမနှမြောဘူး၊ ကက်ဒီတော့ သိပ်ချေးများတယ်၊ မင်းကိုတော့ ဘာအသည်းစွဲသွားသလဲ မသိဘူး"

"သူက နံပါတ်ကိုး မရိုက်တတ်ဘူးလေ၊ အပြည့်ရိုက်ရင် ဘယ်ချည်းပဲ ထောင့်တန်းဆွဲတာ"

"အဲဒါ မင်းက ဘာပြင်ပေးလိုက်လဲ"

"ဂေါက်ကို ဘယ်နဲ့ရိုက်ရမယ်လို့ သူက အသေမှတ်ထားတာ၊ ကျွန်တော်က ညာပါသွင်းခိုင်းလိုက်တယ်၊ အဲဒီတော့ တည့်လည်းတည့် ပြေးလည်းပြေးသွားတယ်၊ ဒရိုက်ဘာကိုပါ ပခုံးအပြည့်လှည့်ပြီး ညာသွင်းရိုက်နည်းလည်း ပြလိုက်တယ်လေ၊ သူ အင်မတန်ကြောက်တဲ့ ပုသိမ်ကွင်းကို နိုင်သွားတယ်၊ ဒစ်စတန့် ရသွားတာကိုး"

"မင်းဟာက ငါ့နည်းပဲဟာ"

"ဟုတ်ပါတယ်၊ ခင်ဗျားက ကျွန်တော့်ဆရာပဲဟာ"

မိုနားက ပြုံးပြီး "မင်း . . . ရေခဲရေသောက်ဦးမလား"ဟု မေးသည်။

"တော်ပါပြီ၊ ကျွန်တော် ကန်စောင်းသွားလိုက်ဦးမယ်၊ မဟာကိုယုကြိုင်ကို ပြောပါ၊ သူမပြန်သေးရင် မနက်ဖြန် ကျွန်တော်လာထမ်းပေးမယ်လို့"

"အေး . . . မပြန်သေးဘူးတဲ့၊ ငါပြောလိုက်ပါ့မယ်"

မြင့်နွယ်သည် ဂေါက်ကလပ် အဆောက်အအုံတွင်းမှ ထွက်လာပြီး ကန်စောင်းဆီ လျှောက်ခဲ့၏။

မသိမသာ ပြေပြေလေးလျှောက်ကာ ရေစပ်ဆီ ထိုးဆင်းသွားသည့် ကမ်းခြေတွင် မြင့်နွယ်က ထိုင်၏။

သည်နေရာလေးတွင် ထိုင်မိတိုင်း မြင့်နွယ်၏ရင်မှာ အေးချမ်းပြီး လွတ်လပ်သည်။

ကျွန်းဆွယ်လေးများသဖွယ် ကွေ့ကာဝိုက်ကာ လျှောလျှောသွယ်သွယ်ရှိသော ကမ်းခြေမြေတို့က လှသည်။ သဲဖြူမြေခံမှ မြက်ခင်းစိမ်းစိမ်းတို့က မျက်စိအေးသည်။ ရေပြင်သည် ကန်ရေပြင်ထက် မြစ်ရေပြင်နှင့်တူသည်။ အမှန်ကကန်သုံးဆင့်သည် ရေကန်တစ်ခုထက် လှပသော မြစ်ကွေ့လေးတစ်ခုနှင့်တူသည်။ ဟုတ်သည်၊ လှပသော၊ လိမ္မာသော၊ယဉ်ကျေးသော မြစ်ကွေ့လေးတစ်ခုနှင့်တူသည်။

လေညင်းကြောင့် ယဉ်ကျေးလိမ္မာသော လှိုင်းနုနုတို့ ကမ်းဆီသို့ ငြိမ့်ငြိမ့်ညင်ညင် အဆက်မပြတ် ပြေးလာနေကြသည်။

အိပ်တန်းမတက်သေးသော ငှက်ငယ်များကလည်း ရေပြင်ထက် ရှပ်ကာ ပျံသန်းနေကြ၏။

ပတ်ဝန်းကျင်မှာက ရှုခင်းကို ပိတ်ဆီးကွယ်ဖုံးသော သစ်ကြီးဝါးပင်တို့မရှိ။ သည်တော့ ကျယ်လွင့်ပြန့်ပြောသော ခေတ်ကို ခံစားရသည်။ ရင်မှာ အေးချမ်းလွတ်လပ်သည်။

မြင့်နွယ်က အနောက်ဘက်ဆီသို့ မျက်ကြောကို ဆန့်၍ လှမ်းငေးသည်။

အဝေး ဟိုဘက်ကမ်းမှာတော့ သရက်ပင် မောင်နှမ ရွာဆီမှ ဝါးရုံတန်းနှင့် တောတန်းသွယ်ကို တွေ့ရသည်။

မြူလွှမ်းသော တောတန်းသွယ်ကား နက်နက်ပြာပြာ ရှိသည်။ တောတန်းသွယ်အထက်မှာတော့ မြူပြာသည် နေရောင်နှင့်ရောကာ ခရမ်းရောင်သမ်းနေ၏။ ခရမ်းရောင်အထက်မှာတော့ ပန်းနုရောင်က သက်တန့်ပေါ်နေသည်။ ပန်းနုရောင်နောက်ပါးမှ ဖြာထွက်သော ရွှေရောင်ဝါဝါသည် စိမ်းဖန့်ဖန့်အသွေးသို့ ကူးသွားပြီး ခိုပြာရောင် ကောင်းကင်ကြီးနှင့် ဆက်နေ၏။

မြင့်နွယ်က သက်ပြင်းချ၏။

ရှေးယခင်ကတော့ သည်သဘာဝရှုခင်းတို့သည် မိမိ၏ တစ်ဦးတည်းသောအဖော်ပါ။ မိမိနှစ်သက်မြတ်နိုးသောတစ်ခုတည်းသောအလှပါ။ ယခုမူ . . . မြင့်နွယ်က ကဗျာစာအုပ်လေးကို ဖွင့်လှန်၏။

အရှင်မဟာရဋ္ဌသာရ၏ နန်းမြေအောင်ချာချီ ဘုရားတိုင်ရတုလေးကို ဖတ်မိသည်။

"နန်းမြေအောင်ချာ၊ ထွတ်ထိပ်သာထက်၊ ရတနာပုရ၊ ရွှေပြည်မ၏၊ ကယ်ထမဖြောင့်၊ နောက်တောင်ထောင့်ဝယ်၊စိတ်ဖြောင့်ညွတ်ကြည်၊ စော်ကဲတည်သည့်၊ ရွှေပြည်ထွတ်ချာ၊ စွယ်လကျ်ာ"

မြင့်နွယ်က ခေတ္တရပ်လိုက်ပြီး စိတ်ဝယ် အာရုံကို ရုပ်လုံးဖော်ကြည့်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

> လက်ကလေးပြနှုတ်ဆက်ပြီး ကားသယ်ဆောင်ရာ ပါသွားသော မွန်မွန့်ကိုအိမ်ဝမှရပ်ပြီး ဦးမြင့်နွယ်သည် မျက်စိတစ်ဆုံး ကြည့်နေမိ၏။ အတန်ကြာမှ လေးပင်သော ခြေလှမ်းဖြင့် အိမ်ပေါ်သို့ ပြန်တက်လာခဲ့မိသည်။
> ခုတင်ပေါ်တွင် လှဲပြီး နဖူးပေါ်လက်တင်၍ စဉ်းစားမိ၏။
> သည်အသွင်၊ သည်အလှ၊ သည်အရွယ်၊ သည်ရုပ်ရည်မျိုး။

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် ကက/၁၃/၁၀/၀၁၂

ပညာပါရမီ ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း

(၉) တန်း၊ (၁၀) တန်းအဆင့်မြင့်ဘော်ဒါ

- ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။

SKY RAY Travels & Tours

Mar-23 (Win Unity Hotel) 150000

Mar-23 140000

Tel: 09-421000523 , 09-421000524 , 09-448008610

သစ္စာရှင်
ကားငှားလုပ်ငန်း
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင်
(အထူးနှုန်း)
Hiace ကားမျိုးစုံ
မြို့တွင်း၊ မြို့ပြင် ငှားသည်
Ph-0973215988၊ 095110600

ရဲယို



## ယနေ့ မာတိကာ

အီးယူ-မြန်မာ အစွန့်ရှည်ကြာမည့် မိတ်ဖက်ဆက်ဆံမှုတည်ဆောက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် စာမျက်နှာ - ၈

အီတလီနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သော နှစ်နိုင်ငံ သတင်းထုတ်ပြန်ချက် စာမျက်နှာ - ၉


**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ဥပဒေတိုင်းသည် အကြောင်းအကျိုးလျော်ညီသော၊ တရားမျှတသော၊ အားလုံးက လိုက်နာသင့်သော၊ လိုက်နာနိုင်သော ဥပဒေများ ဖြစ်ရန်လို

နေပြည်တော် မတ် ၈

**ပြည်သူ့လွှတ်တော်အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် တင်ပြခဲ့သည်များရှိပါကြောင်း၊ မိမိတို့လွှတ်တော်သည် ပြည်သူလူထုအကျိုး၊ ပြည်ထောင်စုအကျိုးကို ကာကွယ်စောင့်ရှောက်သော၊ အကျိုးဖြစ်ထွန်းစေသော ဥပဒေများပြုရန် အဓိကတာဝန်ရှိပြီး တာဝန်ကျေအောင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဥပဒေပြုရာတွင် အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့်အစားထိုးခြင်းတို့ပါဝင်ပါကြောင်း၊ ဤသည်မှာ ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။**

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ဥပဒေတစ်ရပ်ဖြစ်လာလျှင် ထိုဥပဒေသည် ပြည်သူပြည်သားများ လိုက်နာနိုင်သော၊ တရားမျှတသောဥပဒေများဖြစ်ရန်လိုပါကြောင်း၊ တရားမျှတမှုမရှိသော ဥပဒေများဖြစ်လျှင် ၎င်းကို အကြောင်းပြု၍ မလိုက်နာနိုင်ကြသည့်ပြည်သူများသည် အလိုအလျောက်ဥပဒေချိုးဖောက်သူ၊ လိုက်နာရန်ပျက်ကွက်သူများဖြစ်ပြီး ပြစ်ဒဏ်ခံရလျှင် ဝမ်းနည်းစရာကောင်းပါကြောင်း၊ နိုင်ငံ့စည်းလုံးညီညွတ်မှုအားနှင့်စွမ်းဆောင်မှုအားများကို ယုတ်လျော့သွားစေပါကြောင်း၊ ထို့ကြောင့် ဥပဒေတိုင်းသည် အကြောင်းအကျိုးလျော်ညီသော၊ တရားမျှတသော၊ အားလုံးက လိုက်နာသင့်သော၊ လိုက်နာနိုင်သော ဥပဒေများ ဖြစ်ရန်လိုပါကြောင်း။

အခွန်အခကောက်ယူနေမှုကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးသုံးသပ်မှုများရှိနေပါကြောင်း၊ ဤသည်မှာ အကြောင်းအကျိုးလျော်ညီပြီး တရားမျှတသော ဥပဒေကောင်းဖြစ်ရန် လုပ်ဆောင်နေကြခြင်းပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြသည့် တင်ပြချက်များတွင် ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက်၊ လုပ်ငန်းအလိုက် ကောက်ခံကြမည့်နှုန်းထားနှင့် ကောက်ခံမှုပုံစံနည်းလမ်းများကို ပြည်ထောင်စုလွှတ်တော်နှင့်ပြည်သူ့ကိုယ်စားလှယ်များအား အသိပေးတင်ပြရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူ့ကိုယ်စားလှယ်များက ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်မည်ဖြစ်သဖြင့် အခွန်အခကောက်ခံနေသည့်ဌာနအသီးသီးက လာမည့်ဘဏ္ဍာနှစ်အတွင်း ကောက်ခံမည့် အခွန်အခဆိုင်ရာ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို လွှတ်တော်သို့အမြန်ဆုံး တင်ပြရန်လိုအပ်ပါကြောင်း။

တင်ပြလာသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော် စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻



**မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်း မေးမြန်းစဉ်။** (သတင်းစဉ်)

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ကျန်းမာရေးအတွက် ငွေပဒေသာပင်စိုက်ထူ တောင်ပေါ် ကရင်တိုင်းရင်းသားများအား ဆေးအခမဲ့ပံ့ပိုးပေးရန် ရည်မှန်း



**ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ ဆွေးနွေးစဉ်။** (သတင်းစဉ်)

နေပြည်တော် မတ် ၈

**ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၁၀)ခုဖြင့် ကျင်းပသည်။**

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ထားသည့်အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် အချက်များအား ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တင်သွင်းထားသည့် ဥပဒေနည်းလမ်းနှင့်အညီ ဆယ်အိမ်စုကိုယ်စားလှယ်ရွေးချယ်ပွဲများ ကျင်းပနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆) ဦးတို့က ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့က ဥပဒေနည်းလမ်းနှင့်အညီ ဆယ်အိမ်စုကိုယ်စားလှယ်ရွေးချယ်ပွဲများ ကျင်းပနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန်နှင့် ကြီးကြပ်ရေးမှူးများ၊ ဆယ်အိမ်စုကိုယ်စားလှယ်များနှင့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအပါအဝင် မြို့နယ်အုပ်ချုပ်ရေးမှူးများကလည်း တိတိကျကျ မှန်မှန်ကန်ကန် ဘက်မလိုက်ဘဲ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ဆွေးနွေးရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၆ နှင့် စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

# ကမ္ဘာလှည့်ခရီးသည်ယာဉ်တန်း မော်လမြိုင်သို့ ရောက်ရှိ

**မော်လမြိုင် မတ် ၈**

Journeys Nature and Culture Explorations ၏ Package Tour အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံအခြေစိုက် The Sea Bridge For Motor Home အဖွဲ့မှ Guido Damain Amlinger နှင့် အဖွဲ့ဝင် ၅၄ ဦးတို့သည် မော်တော်ယာဉ် ၂၉ စီးတို့ဖြင့် မတ် ၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ရင်ပြင်မှ ထွက်ခွာရာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မော်လမြိုင်သို့ ရောက်ရှိခဲ့သည်။

အဆိုပါအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် မြန်မာနိုင်ငံအတွင်းသို့ တမူး၊ မိုးရေးနယ်စပ်မှ ဝင်ရောက်လာပြီး တမူး-ကလေး-မုံရွာ-ပခုက္ကူ-ပုဂံ-မန္တလေး-ကလော- အင်းလေး-နေပြည်တော်-ရန်ကုန်တို့ကို ဝင်ရောက်ဖြတ်ကျော်ခဲ့ကာ မော်လမြိုင်သို့ ရောက်ရှိပြီး ဆန်းရှိုင်းဗစ်လာမြက်ခင်းပြင်တွင် ညအိပ်ရပ်နားသည်။

မတ် ၈ ရက်တွင် မော်လမြိုင်မှ ဆက်လက်ထွက်ခွာ၍ ဘားအံမြို့၌ ညအိပ်ရပ်နားပြီး ၎င်းမှတစ်ဆင့် မြဝတီနယ်စပ်ကိုဖြတ်ကျော်၍ ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ယင်းကမ္ဘာလှည့်ကားမောင်းခရီးသည်ယာဉ်တန်း**(အောက်ပုံ)**အား မြန်မာနိုင်ငံ ခရီးစဉ်တစ်လျှောက် မြန်မာ့ခရီးသွားလုပ်ငန်းမှ ခေတ္တအထွေထွေမန်နေဂျာ ဦးရဲမြင့်က တာဝန်ယူကြီးကြပ်ဆောင်ရွက်ပေးပြီး လက်ထောက်မန်နေဂျာ ဦးမိုးအောင်၊ ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးတင်ဝင်း(ခ) အမ်မဟာဒူးနှင့် ဧည့်လမ်းညွှန် ဦးသန်းဇော်တို့က ကုမ္ပဏီအုပ်ချုပ်မှုယာဉ်နှင့် စနစ်တကျအနီးကပ် ကြီးကြပ်လိုက်ပါခဲ့ကြောင်း သိရသည်။ **(မဉဇ)**




